NATIONAL COMMUNITY DRIVEN DEVELOPMENT PROJECT

Project No: H814-MM and IDA Credit no: 56870

# လူထုဗဟိုပြုစီမံကိန်း

## စီမံကိန်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု သုံးလပတ်အစီရင်ခံစာ

## ၂၀၁၈ခုနှစ်ဇန်နဝါရီလမှ မတ်လအထိ

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

List of Abbreviations and Acronyms

| | | |
|---|---|---|
| BER | - | Bid Evaluation Report |
| BG | - | Block Grant |
| BGA | - | Block Grant Agreement |
| CFA | - | Community Force Account |
| CDD | - | Community-driven Development |
| DRD | - | Department of Rural Development |
| DSW | - | Department of Social Welfare |
| ECOPs | - | Environmental Codes of Practice |
| EMP | - | Environmental Management Plan |
| EOI | - | Expression of Interest (procurement document) |
| ESMF | - | Environmental and Social Management Framework |
| GESI | - | Gender Empowerment and Social Inclusion |
| GWG | - | Gender Working Group |
| MEB | - | Myanmar Economic Bank |
| NOL | - | No-Objection Letter (WB document) |
| OM | - | Operation Manual |
| PSC | - | Performance Security Guarantee |
| PMIS | - | Project Management Information System |
| RFP | - | Request for Proposals |
| RFQ | - | Request for Quotations |
| TOF | - | Training of Facilitators |
| TTF | - | Training of Technical Facilitators |
| TOT | - | Training of Trainers |
| TS | - | Township |
| TTA | - | Township Technical Assistance |
| UTA | - | Union Level Technical Assistance |
| VL | - | Village Leader |
| VTDSC | - | Village Tract Development Support Committee |
| VPSC | - | Village Project Support Committee |
| VTDP | - | Village Tract Development Plan |
| VTPSC | - | Village Tract Project Support Committee |

## မာတိကာ

စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

အဓိကအစီရင်ခံစာ


| | | |
|---|---|---|
| ၁။ | စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု | ၁၇ |
| | (က) လုပ်ငန်းတိုးတက်မှုဖြစ်စဉ် | ၁၇ |
| | (ခ) ကဏ္ဍအလိုက်ဖြန့်ဖြူးမှု | ၁၉ |
| | (ဂ) ချေးငွေထုတ်ချေးပေးမှု | ၁၉ |
| | (ဃ) လူမှုဆိုင်ရာအကာအကွယ်ရယူမှု | ၂၁ |
| | (င) တင်ပြခဲ့သည့်ကိစ္စရပ်များနှင့် လိုအပ်သည့်ပံ့ပိုးမှုများ | ၂၄ |
| ၂။ | တတ်သိကျွမ်းကျင်မှုနှင့်သင်ယူလေ့လာမှု | ၅၂ |
| ၃။ | ဝယ်ယူရေး | ၅၇ |
| ၄။ | ဝေဖန်အကြံပြုတိုင်ကြားမှုအားတုံ့ပြန်ဖြေရှင်းပေးမှု | ၆၁ |
| ၅။ | ဘဏ္ဍာရေး | ၆၆ |
| ၆။ | သင်တန်းပို့ချခြင်း | ၇၁ |
| ၇။ | သတင်းပြန်ကြားခြင်း | ၇၃ |
| ၈။ | ကျား၊မရေးရာနှင့်လူမှုရေးကျင့်ဝတ်ဆိုင်ရာကန့်သတ်ချက်များ | ၇၃ |
| ၉။ | စောင့်ကြည့်ကြီးကြပ်ရေး/သတင်းအချက်အလက်များစီမံခန့်ခွဲခြင်း | ၈၀ |
| ၁၀။ | စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ပေးခြင်း | ၈၁ |

**စာရင်းဇယားများ၊ ကိန်းဂဏန်းအချက်အလက်ဖော်ပြမှုများ**


ဇယား ၁: NCDDP စီမံကိန်းလုပ်ငန်းခွဲများအား (၃၁-၃-၂၀၁၈) အထိ ကဏ္ဍအလိုက်ခွဲဝေမှု ပြဇယား

ဇယား ၂: စီမံကိန်းမြို့နယ် (၆၁) မြို့နယ်၏ (၃၁/၈/၂၀၁၈) အထိပဥ္စမနှစ်စီမံကိန်းစက်ဝန်း ဆောင်ရွက်မှု

ဇယား ၃: နည်းပညာစစ်ဆေးမှု အခြေပြဇယား

ဇယား ၄: ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေပြရလဒ်များ

ဇယား ၅: Key PP7 packages များအားဝယ်ယူမှုအခြေအနေ

ဇယား ၆: ထပ်မံလက်ခံရရှိခဲ့သော အကြံပြုတိုင်ကြားစာများ၊ သုံးလအတွင်းလက်ခံရရှိခဲ့ သော အကြံပြုတိုင်ကြား စာများနှင့် တုံ့ပြန်ဖြေရှင်းမှုများ၏အခြေအနေတင်ပြမှု

ဇယား ၇: လက်ခံရရှိခဲ့သည့် အကြံပြုတိုင်ကြားချက်များအား မြို့နယ်နှင့်အမျိုးအစား အလိုက် ခွဲခြားတင်ပြမှု

ဇယား ၈: ၂၀၁၇ ခုနှစ်၊ တတိယသုံးလပတ်အတွက် IFR : စီမံကိန်းအကောင် အထည်ဖော်ဆောင်မှု အပိုင်းအလိုက်ခွဲခြားထားသည့် ရံပုံငွေလက်ခံရရှိမှုနှင့် သုံးစွဲမှုများ

ဇယား ၉: တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်ရုံးများအလိုက် ဝန်ထမ်းများခန့်ထား/ ဖွဲ့စည်းမှုများ ၏ အခြေအနေ

ဇယား ၁၀: စီမံကိန်းမြို့နယ် (၉) မြို့နယ်တွင် (၃၀/၉/၂၀၁၇)၊ TTA Contracts မပါဘဲ ဝန်ထမ်းများ ဖွဲ့စည်း၊ ခန့်ထားမှု အခြေအနေများ

ဇယား ၁၁ : ၂၀၁၇/၁၈ ခုနှစ်၊ ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များ


ကားချပ်များ


ပုံ ၁ : ၂၀၁၇/၁၈ ခုနှစ် ပဥ္စမနှစ် စီမံကိန်းစက်ဝန်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်း အစီအစဉ်များ

# စီမံခန့်ခွဲမှုအကျဉ်းချုပ်တင်ပြချက်

## စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၁။ ပဥ္စမနှစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြို့နယ်ဟောင်း ၄၅ မြို့နယ်နှင့် မြို့နယ်သစ် ၁၆ မြို့နယ်တို့၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတို့အား အောက်ပါအတိုင်း အကျဉ်းချုပ် တင်ပြအပ်ပါသည်-

## မြို့နယ်ဟောင်း ၄၅ မြို့နယ်

(က) VDP သတ်မှတ်ချက် ၈၁၂၆ ရှိသည့်အနက် ၈၀၆၄ ခုပြီးစီး၍ ၉၉% ပြီးစီးခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၇၀၈ ခု ရှိသည့်အနက် ၆၃၆၈ ခုအား TPIC မှ အတည်ပြုပေးနိုင်ခဲ့ပြီး ၉၅% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ်စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၆၇၀၈ ခုရှိသည့် အနက် ၄၇၇၅ ခု ပြီးစီး၍ ၇၁ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၂၁၃ ခုအား အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ ပါသောကြောင့် ၁၉ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၀၄ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၅၇၆ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

## မြို့နယ်သစ် ၁၆ မြို့နယ်

၂။ မြို့နယ်အသစ် ၁၆ မြို့နယ်မှ ၁၂ မြို့နယ်သာလုပ်ငန်းခွင်ဝင်သင်တန်းများတက်ရောက်ပြီးစီး၍ ဝန်ထမ်းခန့်ထားရေးများ ဆောင်ရွက်ပြီးစီးသော်လည်း ကျန်လေးမြို့နယ်မှာ အမ္ဘာဘဏ်၏ NOL အားစောင့်ဆိုင်းနေရခြင်းဖြစ်ပါသည်။ရွှေကျင်နှင့် တွန်းဇန်မြို့များ တွင် VDP အစည်းအဝေး ၈ခု နှင့်၁၆ ခု၊ ကျေးရွာအုပ်စု ရွေးချယ်ခြင်းအစည်းအဝေး ၆ ခု နှင့် ၇ ခု နှင့် တွန်ဇန်မြို့နယ်တွင် TPIC မှ လုပ်ငန်းခွဲ ၁၂ ခု အား အတည်ပြုခဲ့ပါသည်။

# NCDDP ပဥ္စမနှစ်စီမံကိန်းအကောင်ထည်ဖော်ဆောင်ရွက်မှုအကျဉ်းချုပ် (၃၁-၃-၂၀၁၈)

| စီမံကိန်းဆောင်ရွက်မှုတွင်အရေးပါသော ဖြစ်ရပ် (အရေအတွက်) | ပထမ နှစ် ၂၀၁၃/၁၄ | ဒုတိယ နှစ် ၂၀၁၄/၁၅ | တတိယ နှစ် ၂၀၁၄/၁၅ | စတုတ္ထ နှစ် ၂၀၁၆/၁၇ | ပဥ္စမနှစ် ၂၀၁၇/၁၈ | | | စုစုပေါင်း (ပ-ပဥ္စ) |
|---|---|---|---|---|---|---|---|---|
| | | | | | မြို့နယ်ဟောင်း ၄၅ | | မြို့နယ်သစ် ၁၆ | ပေါင်း ၆၁ |
| | | | | | # | ပြီးစီးမှု % | | |
| စီမံကိန်းမြို့နယ်များ၏ # | ၃ | ၉ | ၂၇ | ၄၇ | ၄၅ | | ၁၆ | ၆၁ |
| ကျေးရွာအုပ်စုများ၏ # | ၇၂ | ၃၄၃ | ၁,၂၀၁ | ၂,၀၂၂ | ၁၉၇၄ | | ၆၆၂ | ၂၆၈၄ |
| ကျေးရွာများ၏ # | ၄၁၀ | ၁,၇၂၇ | ၅,၄၀၀ | ၈,၅၆၃ | ၈၃၀၀ | | ၃၄၇၂ | ၁၁၇၇၂ |
| ချေးငွေလွှဲပြောင်းခြင်း | | | | | | | | |
| ကျေးရွာအုပ်စုများ၏ တောင်းဆိုမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၁၉၆၃ | ၉၉.၉၅% | | ၂၀၀၅ |
| ကျေးရွာအုပ်စုများ လက်ခံရရှိမှု # | ၇၂ | ၃၄၃ | ၁,၁၉၆ | ၂,၀၀၅ | ၁၉၆၂ | ၉၉.၉၅% | | ၂၀၀၅ |
| မြန်မာကျပ်ငွေ(သန်းထောင်ပေါင်း) | ၁.၅၇ | ၁၀.၄၆ | ၃၅.၇၂ | ၆၇,၃၇ | ၆၆.၀၅၆ | | | ၁၈၁.၁၇ |
| VDP ပြီးစီးမှု | ၃၉၂ | ၁,၇၀၁ | ၅,၂၆၁ | ၈,၂၄၀ | ၈၀၆၄ | ၉၉% | | ၈၀၆၄ |
| TPIC အတည်ပြုချက်ရရှိမှု | ၃၆၄ | ၁,၈၃၇ | ၄,၇၆၂ | ၇,၆၈၂ | ၆၃၆၈ | ၉၅% | | ၂၁၀၁၃ |
| အသေးစိတ် စီမံချက်ချမှတ်ခြင်း ပြီးစီးမှု | ၃၅၇ | ၁,၈၁၅ | ၄,၇၃၅ | ၇,၆၈၂ | ၄၇၇၅ | ၇၁% | | ၁၉၃၅၂ |
| တည်ဆောက်ရေးစီမံကိန်းခွဲ | | | | | | | | |
| ၀% | | | | | | | | |
| ၁-၅၀% | | | | | ၂၂၂၂ | | | |
| ၅၁-၇၅% | | | | | ၇၈၇ | | | |
| ၇၆-၉၀% | | | | | ၁၁၈၀ | | | |
| ၁၀၀% | ၃၅၇ | ၁,၈၁၂ | ၄,၇၃၁ | ၇၆၇၁ | ၁၂၁၃ | ၁၉% | | ၁၅၇၈၃ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှု | ၃၅၇ | ၁,၈၁၂ | ၄,၇၂၄ | ၇၆၅၇ | ၆၀၄ | | | ၁၄၅၁၅ |
| Social Audits ပြီးစီးမှု | ၁၅၀ | ၁,၆၀၅ | ၄,၆၉၄ | ၇၆၆၄ | ၅၇၆ | | | ၁၃၈၄၉ |
| မြို့နယ်အဆင့် MSRs ပြီးစီးမှု | ၃ | ၉ | ၂၆ | ၄၇ | | | | ၈၅ |
| Union အဆင့် MSRs ပြီးစီးမှု | ၁ | ၁ | ၁ | ၁ | | | | ၄ |

၃။ ယခုသုံးလပတ်အတွင်း စတုတ္ထနှစ်စီမံကိန်းတွင် လုပ်ငန်းခွဲမပြီးဆုံးသေးသော မြို့နယ် ၅ မြို့နယ် ကြန့်ကြာနေပါသည်။မင်းတုန်းမြို့နယ်၌ စီမံကိန်းလုပ်ငန်းခွဲ (၁ ) ခုမှာ သဘာဝဘေးကြောင့် ပျက်စီးသွားပါ၍ ငွေတောင်းခံပြီးပြန်ကျငွေဖြင့် ဆက်လက်အကောင်အထည်ဖော်နေပါသည်။ ဘီလင်းမြို့နယ် တွင် စီမံကိန်းလုပ်ငန်းခွဲ (၁) ခုသာ ကျန်ရှိပြီး တပ်ကုန်းမြို့နယ်တွင် မီးလင်းရေး လုပ်ငန်း ၁ ခုသာ မီးလင်းရန်ကျန်ရှိပါတော့သည်။ ကျောက်ကြီးမြို့နယ်တွင် လူထုစစ်ဆေးပွဲပြုလုပ်ရန် လုပ်ငန်းခွဲ ၂ ခုကျန် ရှိပါသည်။ ကျွန်းစုမြို့နယ်တွင် လူထုစစ်ဆေးပွဲပြု လုပ်ရန် လုပ်ငန်း ၆ ခုကျန်ရှိနေ ပါသည်။ စတုတ္ထနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၆၈၂ ခုအကောင်အထည်ဖော်ဆောင်ရွက်သည့် အနက် လုပ်ငန်းခွဲပေါင်း၇၆၇၁ ပြီးစီး၍ ၇၆၆၄ လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။ ပဉ္စမနှစ်မြို့နယ်ဟောင်း ၄၅ မြို့နယ်တွင် TPIC ခွင့်ပြုချက်ကျပြီး ၆၃၆၈ ခုအနက်မှ လုပ်ငန်း ၁၂၁၃ ခု ပြီးစီးခဲ့ပြီး ၁၉ % ပြီးစီးခဲ့ပါသည်။ Social Audit ၅၇၆ ခု ပြုလုပ်နိုင်ခဲ့ပြီး ၄၇ % ပြီးစီး ခဲ့ ပါသည်။မြို့နယ်သစ်များ စီမံကိန်းလုပ်ငန်းများ စတင်ရန်နောက်ကျပါသောကြောင်း မြို့နယ် ၁၆ မြို့နယ် ၌ ၂၀၁၉ ခု ပထမ ၃ လပတ် ထိတိုင်အောင် မပြီးစီးနိုင်ကြောင်း ပုံ ( ၁ ) ဖြင့်ဖော်ပြထား ပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား(၁) - လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၅၈% ထိတိုးတက်လာ ပါ သည်။ ပညာရေး ၁၂.၇ % ၊ လူထုအထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဉ္စမနှစ် စီမံကိန်းတွင်း ၉.၉ % ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၇ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၈.၆% တခြား ၁.၈ % နှင့် ကျန်းမာရေး ဝ.၄ % ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပဉ္စမနှစ်စီမံကိန်း ၄၅ မြို့နယ် အတွက် ခွဲဝေ ချထားငွေ မြန်မာငွေကျပ် ၆၆.၀၆ ဘီလီယံအား ထုတ်ပေးပြီးဖြစ်သောကြောင့် ချေးငွေ ၁၀၀% ထုတ်ပေးပြီးဖြစ်ပါသည်။ ထို့နောက် ရေလွှမ်းသော မြို့နယ် ၁၁ မြို့နယ် ချေးငွေထဲသို့ သဘာဝဘေး အတွက် မြန်မာငွေကျပ် ၁၄၃.၂ မီလီယံ ထပ်ပေါင်း ထည့်ခဲ့ပါသည်။

၆။ စီမံကိန်းမြို့နယ်မှ တင်ပြလာသော အခက်အခဲများနှင့် ပံ့ပိုးပေးရန် လိုအပ်ချက်များ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရာတွင် တွေ့ရှိရသောအခက်အခဲများအား အောက်ပါအတိုင်း အကျဉ်း ချုပ်တင်ပြအပ်ပါသည်-

(က) မော်တော်ဆိုင်ကယ်များပြုပြင်ရန်ဒေသတွင်း အပိုပစ္စည်းများရှားပါးခြင်း နှင့် မိတ္တူ ကူးစက်များ ပြုပြင်ရန်အပိုပစ္စည်း များရှာပါးခြင်း

(ခ) conflict ဒေသများတွင် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုအတွက် အခက် အခဲများရှိခြင်း

(ဂ) ဆောက်လုပ်ရေးလုပ်ငန်းများ အထူးသဖြင့် လမ်းတံတား လုပ်ငန်းများ ၊ရေပေးရေး ၊ မီးလင်းရေး လုပ်ငန်းများအတွက် အသေးစိတ် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ရန် လက်ထောက် နည်းပညာမှူးများ ကျွမ်းကျင်မှု လိုအပ်နေ ခြင်း

(ဃ) Union သို့ပြင်ဆင်ရန်ပို့ထားသော tablet များ ၊ laptop များ ၊ computer များ မြို့နယ်သို့ ပြန်လည်မရောက်ရှိလာခြင်း

(င) DRD counterpart ဝန်ထမ်းများ လစ်လပ်နေခြင်း

(စ) လက်ထောက်နည်းပညာမှူးများအတွက်သင်တန်းများလိုအပ်ခြင်း

**ဝယ်ယူရေး (အကြံပေးများနှင့် နည်းပညာအကြံပေးအဖွဲ့များ ငှားရမ်းဆောင်ရွက်ခြင်း)**

၇။ ပဥ္စမနှစ်စီမံကိန်းစက်ဝန်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စုစုပေါင်းမြို့နယ် (၁၆)မြို့နယ်အနက် မြို့နယ်(၁၂)မြို့နယ်အတွက် ၎င်းဒေသတို့တွင် လက်ရှိတာဝန်ယူဆောင်ရွက်လျက် ရှိသည့် နည်းပညာအကြံပေး အဖွဲ့များအား စာချုပ်သက်တမ်းတိုး၍ လည်းကောင်း၊ ကျန်မြို့နယ်(၆)မြို့နယ် အတွက် နည်းပညာအကြံပေးအဖွဲ့များကိုQBS နည်းလမ်းဖြင့် ရွေးချယ်၍လည်းကောင်း ခန့်အပ်သွားရန် Procurement Plan-8 တွင် လျာထားသည့်အပေါ် ကမ္ဘာ့ဘဏ်မှ ကန့်ကွက်ရန်မရှိကြောင်းစာဖြင့် (၁၄-၁၁-၂၀၁၇)ရက်နေ့တွင် ရရှိခဲ့ပါသည်။

၈။ မြို့နယ်(၁၂)မြို့နယ်အတွက် ၎င်းဒေသတို့တွင် လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် နည်းပညာအကြံပေးအဖွဲ့များကို ယခင်စာချုပ်များအပေါ် သက်တမ်းတိုး၍ ငှားရမ်းနိုင်ရန် သဘောတူညီမှု ရရှိပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာအဖွဲ့များနှင့် (၉-၁-၂၀၁၈)ရက်နေ့မှစ၍ စာချုပ်ညှိနှိုင်းခဲ့ပါသည်။

၉။ မြို့နယ်(၁၂)မြို့နယ်အနက်မှ (၉)မြို့နယ်အတွက် TTA စာချုပ်များကို(၂၃-၂-၂၀၁၈)ရက်နေ့ တွင် ချုပ်ဆိုခဲ့ပြီး အကြံပေးဝန်ထမ်း(KE)များသည် (၉-၂-၂၀၁၈)၊ (၁၃-၂-၂၀၁၈)နှင့် (၃-၃-၂၀၁၈)ရက်နေ့ တို့တွင် သက်ဆိုင်ရာ မြို့နယ် အသီးသီး၌ အလုပ်စတင်ဝင်ရောက်ခဲ့ကြပါသည်။

၁၀။ QBS နည်းလမ်းဖြင့်ဆောင်ရွက်မည့် မြို့နယ်(၆)မြို့နယ်အတွက် နည်းပညာအကြံပေး အဖွဲ့များ ငှားရမ်းနိုင်ရန် (၂၆-၁၂-၂၀၁၇)ရက်နေ့တွင် ကြော်ငြာခေါ်ယူခဲ့ပါသည်။ ဇကာတင်ရွေးချယ် ခံရသည့် (Short Listed Firms)အဖွဲ့များအား နည်းပညာအဆိုပြုလွှာ(Technical Proposal)များ အဆိုပြုတင်ပြနိုင်ရေး ဖိတ်ခေါ် နိုင်ရန် (၁၃.၂.၂၀၁၈)ရက်နေ့ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ခွင့်ပြုချက်ရရှိခဲ့ပါသည်။

၁၁။ ပြည်ထောင်စုအဆင့် SQL Database Programmar(၁)ဦးနှင့် National IT Assistant (၁)ဦး စာချုပ်များ ချုပ်ဆိုပြီးဖြစ်ပါသည်။ National Technical Auditor(၂)ဦး စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးများ၌ တတိယအကြိမ်အဖြစ် Infrastructure/Safeguard Assistant(၂)ဦး စာချုပ်များ ချုပ်ဆိုပြီး ဖြစ်ပါသည်။

၁၂။ ပြည်ထောင်စုအဆင့် PRA Manual Developer/ Trainer(၁)ဦးနှင့် Grievance Assistant (၂)ဦးငှားရမ်းနိုင်ရန် မြန်မာအလင်းသတင်းစာတွင် (၁၂-၃.၂၀၁၈)ရက်နေ့မှ (၂၁-၃-၂၀၁၈)ရက်နေ့ထိ ကြော်ငြာထည့်သွင်း၍ လျှောက်လွှာများခေါ်ယူခဲ့ပါသည်။

**နောင်လာမည့်သုံးလအတွင်းဆောင်ရွက်မည့် အစီအစဉ်များ**

၁၃။ နောင်လာမည့်သုံးလတွင် -

(က) PRA Manual Developer/ Trainer ရာထူးနေရာအတွက် လျှောက်လွှာ(၃)စောင်နှင့် Grievance Assistant ရာထူးနေရာအတွက် လျှောက်လွှာ(၉) စောင်လက်ခံရရှိခဲ့ပြီး သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီပါသဖြင့် လျှောက်လွှာများ ထပ်မံခေါ်ယူရန် ဆောင်ရွက်လျက် ရှိပါသည်။

(ခ) သဲကုန်းမြို့နယ်အတွက် MGRI အဖွဲ့နှင့် စာချုပ်ညှိနှိုင်းပြီးဖြစ်ပါသဖြင့် ညှိနှိုင်းပြီးစာချုပ်အား ကမ္ဘာ့ဘဏ်သို့ကန့်ကွက်ရန်မရှိကြောင်းစာ(NOL)တောင်းခံထားပါသည်။ မိုင်းခတ်မြို့နယ်အတွက် Mercy Corps အဖွဲ့နှင့် လည်းကောင်း

စာချုပ်ကိစ္စများညှိနှိုင်းပြီးဖြစ်ပါသဖြင့် ညှိနှိုင်းပြီးစာချုပ်အား ကမ္ဘာ့ဘဏ်သို့ ကန့်ကွက်ရန် မရှိကြောင်းစာ(NOL)တောင်းခံနိုင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

(ဂ) ကျန်မြို့နယ် (၃)မြို့နယ် ဖြစ်သည့် ခနေဖြူ၊ အင်ပူနှင့် မောက်မယ်မြို့နယ်တို့အတွက် TTA စာချုပ်များကို(၄-၅-၂၀၁၈)ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး အကြံပေး ဝန်ထမ်း(KE)များသည် (၁၀-၅-၂၀၁၈)၊ (၁၅-၅-၂၀၁၈)နှင့်(၂၁-၅-၂၀၁၈)ရက်နေ့ တို့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ ပါသည်။

**တတ်မြောက်ကျွမ်းကျင်ရေးနှင့် လေ့လာသင်ယူရေး**

၁၄။ OM ပြင်ဆင်ခြင်းလုပ်ငန်းအား ဆက်လက်လုပ်ဆောင်နေပါသည်။ မြို့နယ် MSR များအား နောက်သုံးလပတ်အတွင်း စတင်လုပ်ဆောင် ကြပါလိမ့်မည်။ Mr Neil Neate မှ ဦးဆောင်၍ အမျိုးသမီးသုံးဦးနှင့် ပြင်ပမှ နည်းပညာအကြံပေး၂ဦး အပါအဝင် ကျေးလက်ဦးစီးမှ အင်ဂျင်နီယာ ၁၂ ဦးပါဝင်၍ နည်းပညာစစ်ဆေးရေး အ ဖွဲ့ ဖွဲ့စည်း ထားပါသည်။ ယင်းအဖွဲ့သည် စုစုပေါင်းလုပ်ငန်း ၂၅၅ ခုအား စစ်ဆေးရန် သဘောတူခဲ့ပါသည်။ မြို့နယ်၂၇ မြို့နယ် ၌ NCDDP စီမံကိန်းလုပ်ငန်းခွဲ ၂၃၅ ခု နှင့် NCDDP လုပ်ငန်းခွဲမဟုတ်သော လုပ်ငန်း ၃၀ အား စစ်ဆေး ခဲ့ပါသည်။ အသေးစိတ် အား အောက်ပါအတိုင်း ဇယား (၃) ဖြင့် ဖော်ပြ ထားပါသည်။ ကွင်းဆင်းစစ်ဆေးခြင်း အားလုံး ပြီးစီး၍ အစီရင်ခံစာအား တင်ပြရန်ပြင်ဆင်နေပါ သည်။ June လ အတွင်း အစီရင်ခံစာတင်ပြနိုင်မည်ဟု ခန့်မှန်းထားပါသည်။ Exchange Visit အားလူကြီးများ၏ လမ်းညွှန်ချက်ဖြင့် ပယ်ဖျက်ထားပါသည်။

၁၅။ ရလဒ်များအား ဆန်းစစ်သုံးသပ်ခြင်းမှ ရလာသော ရလဒ်များအား ဇယားဖြင့် ( ၄ ) ဖော်ပြထားပါသည်။

**ဝေဖန်အကြံပြုတိုင်ကြားချက်များအား ဖြေရှင်းဆောင်ရွက်ပေးခြင်း**

၁၆။ ၂၀၁၈ ခုနှစ် ပထမ သုံးလပတ်မှာ ဝေဖန်အကြံပြုတိုင်ကြားစာပေါင်း ၁၉၁၅ ခု လက်ခံရရှိပြီး ၈၃( ၄%) သည် အလွဲသုံးစား မှုတိုင်ကြားစာများဖြစ် ပြီး ၇၅ (၉၀ % ) သည် (၃၁-၃-၁၈) ထိ ဖြေရှင်းဆောင်ရွက် ပြီးဖြစ်ပါသည်။ (ဇယား ၈)

၁၇။ ၂၀၁၄ ခုနှစ် ဇူလိုင်ကတည်းက ၂၀၁၈ ခုမတ်လထိ စုစုပေါင်း ဝေဖန်အကြံပြုစာပေါင်း ၁၄၁၃၁ စောင်လက်ခံရရှိ ပြီး ယင်းတို့အနက်မှ ၁၄၁၀၇ (၉၉.၈၂ %) ခုအားဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ တုံ့ပြန်မှုကြာချိန် မူလဇစ်မြစ် ဖြေရှင်းဆောင်ရွက်မည့်နေရာ နှင့် စုဆောင်းစာရင်းသွင်း ခြင်းလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အပိုင်း ၄ ဖြင့် ဖော်ပြထားပါသည်။

၁၈။ သင်တန်းနှင့် ပတ်သက်၍ ဇန်ဝါရီလတွင် မြို့နယ်ပေါင်း ၂၃ မြို့နယ် နှင့် ပြည်နယ်တိုင်း ၄ ခု မှ အသစ် CSAG များအား GHM လုပ်ငန်းခွင်ဝင်သင်တန်းပေးခဲ့ပါသည်။ ဖေဖော်ဝါရီလတွင် မြို့နယ် သစ် ၉ မြို့နယ်၏ Team Leader များ နှင့် CSAG များအား GHM လုပ်ငန်းခွင်ဝင်သင်တန်း ပေးခဲ့ ပါသည်။ ပြည်ထောင်စုအဆင့် မှ ဝန်ထမ်းများသည် ပြည်နယ်/တိုင်း ဒေသကြီး GHM တာဝန်ခံများ ပူးပေါင်းပါဝင်မှု အားကောင်းလာစေ ခြင်းနှင့် စွမ်းဆောင် ရည်မြှင့်တင်ခြင်း တို့အပါအဝင် ဝေဖန် အကြံပြု တိုင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ဖြစ်ရပ်မှန်ရှာဖွေ ခြင်း စုံစမ်းစစ်ဆေးခြင်းတို့အတွက် မြို့နယ်များသို့ ၇ ကြိမ် ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဝန်ထမ်းရေးရာနှင့်ပတ်သက်၍ ဦးTerence Kadoe (GHO) သည် ယခု ၃ လပတ် ဖေဖော် ဝါရီလ အတွင်း resigned တင်ခဲ့ပါသည်။

**နောက်၃ လပတ်ဆောင်ရွက်မည့်အစီအစဉ်များ**

၁၉။ နောင် ၃ အတွင်းတွင် -

(က) မေလတွင် လုပ်ငန်းခွင်ဝင်သင်တန်း၏ parallel session ပြုလုပ်မည်။

(ခ) ကြာအင်းဆိပ်ကြီးမြို့နယ်တွင် grievance focal လစ်လပ်နေသေးသည်။

**ဘဏ္ဍာရေး**

**ချေးငွေထုတ်ပေးမှုအခြေအနေ**

၂၀။ ပဉ္စမနှစ်စီမံကိန်းတွင် block grants စုစုပေါင်း မြန်မာငွေကျပ် ၆၆.၀၇၈ ဘီလီယံအား မြို့နယ်ပေါင်း ၄၅ မြို့နယ်အား ထုတ်ပေးပြီး ဖြစ်၍ ယခုနှစ်ခွဲဝေချထားငွေ ၁၀၀% အား ထုတ်ပေးပြီးဖြစ်ပါသည်။ ပဉ္စနှစ်တွင် မြို့နယ် ၁၁ မြို့နယ်၌ ချေးငွေအပြင် သဘာဝဘေးအတွက် fund

အဖြစ် စုစုပေါင်း မြန်မာငွေကျပ် ၁၄၅.၇ ဘီလီယံ အားထုတ်ပေးပြီးဖြစ်ပါသည်။ ယခုသုံးလပတ်အတွင်း ကျေးရွာအုပ်စု ၁၅၇ အတွက် သဘာဝဘေး fund ငွေ MMK ၀.၁၄၃ ဘီလီယံအပါအဝင် block grants MMK ၇.၆၈၄ ဘီလီယံအား ထုတ်ပေးခဲ့ပါသည်။ အသုံးမပြုရသေးသော fund ငွေ မှာ MMK ၀.၀၀၄ ဘီလီယံ ကျန်ရှိနေသေးသည်။

၂၁။ စာရင်းစစ်သို့တင်ပြရသည့် ဘဏ္ဍာရေး အခြေအနေဖော်ပြချက်ပုံစံ FY 2016-2017 အား WB သို့ ၂၀၁၇ခုနှစ် ဒီဇင်ဘာ လတွင်ပေးပို့ပြီးဖြစ်ပါသည်။

၂၂။ ဝန်ထမ်းရေးရာနှင့် ပတ်သက်၍ ဝန်ထမ်းအင်အားမှာ ယခင် သုံးလပတ် ၂ ခုအတိုင်းဖြစ်၍ ပြောင်းလဲ မှုမရှိပေ။

၂၃။ မြို့နယ်အသစ်များအတွက် ဘဏ္ဍာရေး သင်တန်းအား ပေးပြီးဖြစ်ပါသည်။ နောက်ထပ် ဘဏ္ဍာရေး နှင့်ပတ်သက်သော အချက်အလက်များအား အဓိကအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

**ဆက်လက်ဆောင်ရွက်ရန်အချက်များ**

(က) FY2017-18 ဘဏာရေးအခြေအနေများအား စာရင်းစစ်ဆေးခံနိုင်ရန် ပြင်နေပါသည်။

(ခ) မြို့နယ်နှင့် ကျေးရွာအုပ်စု လုပ်ငန်းပိတ်သိမ်းခြင်း procedure အားမူကြမ်းရေးဆွဲ နေပါသည်။

(ဂ) April မှ June အတွက် IFR အား 2018 August 15 th မှာ အချိန်မီပြီးစီးရန်လုပ်ဆောင်ရန် FY 2018-19 အတွက် AWPB အားပြင်ဆင်နေပါသည်။

**သင်တန်း**

၂၄။ လုပ်ငန်းခွင်ဝင်သင်တန်း ပထမအကြိမ် နှင့် ဒုတိယအကြိမ် အား ၂၀၁၈ ခု ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ပထမအကြိမ် လုပ်ငန်းခွင်ဝင်သင်တန်း တွင်

မြို့နယ်ပေါင်း၃၆ မြို့နယ် မှ သင်တန်းသား စုစုပေါင်း ၈၂ ယောက်(ကျား-၃၈နှင့် မ-၄၄) ၊ ဒုတိယအကြိမ်တွင် မြို့နယ်သစ် ၉ မြို့နယ်မှ ၈၉ ယောက် ( ကျား-၄၈ နှင့် မ -၄၁) တက်ရောက်ခဲ့ပါသည်။

၂၅။ M&E,MIS မွမ်းမံသင်တန်း ၁ ကြိမ် နှင့် parallel sessions ၇ ခု ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

၂၆။ ယခု ၃ လပတ်အတွင်း မြို့နယ်အဆင့် သင်တန်း ၁၄၂ ခုဆောင်ရွက်ပြီးစီး၍ သင်တန်းသားစုစုပေါင်း ၆၅၁၉ ယောက် တက်ရောက်ခဲ့ကြောင်း စုစည်းရရှိခဲ့ပါသည်။

၂၇။ ထို့နောက် ကျေးရွာအဆင့် အနေဖြင့် သင်တန်းပေါင်း ၄၁၀၅ ခု ဆောင်ရွက်ပြီးစီး၍ သင်တန်းသား စုစုပေါင်း ၁၇၇၈၄၈ ယောက် တက်ရောက်ခဲ့ကြောင်းလည်း စုစည်းရရှိခဲ့ပါသည်။

၂၈။ စုစုပေါင်းသင်တန်းကုန်ကျစရိတ်-၂၀၈,၆၅၄,၈၁၇ ကျပ် ( ပြည်ထောင်စုအဆင့် - ၂၂,၁၁၇,၆၅၂ကျပ်, မြို့နယ်အဆင့် ၂၈,၅၀၄,၈၈၀ ကျပ် နှင့် ကျေးရွာအဆင့် ၁၅၈,၀၃၂,၂၈၅ကျပ်) ဖြစ်ပါသည်။ယခု ၃လ ပတ်တွင် 4 K ဘတ်ဂျက် ဖြင့် PMF သင်တန်း ၆ ခု အား မင်းတုန်း ၊ မတူပီ နှင့် ပလက်ဝ မြို့နယ်များတွင် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ ပေါင်မြို့တွင် ဝန်းထမ်းများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး workshop တစ်ခု ကျင်းပခဲ့ပါသည်။ ဒီးမော့ဆို၊ ဖရူဆို ၊ လွိုင်ကော်၊ ရှားတော မြို့နယ်များတွင် mobilization trainings ၃ ခု ပြုလုပ်ခဲ့ပါသည်။

၂၉။ ၂၀၁၇-၂၀၁၈, ၂၀၁၈-၂၀၁၉ အတွက် training plan နှင့် budget အတွက်မူကြမ်းအား ပြုလုပ်ပြီးစီး၍ ၂၀၁၈ ခု မတ်လ တွင် မျှဝေအသိပေးပြီးဖြစ်ပါသည်။

**နောက် ၃ လပတ်ဆောင်ရွက်မည့် အစီအစဉ်များ**

(က) ပထမအကြိမ် TOT_1 ၉ရက်ကြာသင်တန်းအား y-5 မြို့နယ် ၉ မြို့နယ်မှ TTA Team Leader, TDRD Team Leader, NPA နှင့် KE တစ်ဦးစီတက်ရောက်ရမည်ဖြစ်ပြီး ၂၉ မတ် မှ ၉ ဧပြီ ၂၀၁၈ တွင်ဖွင့်လှစ် ပို့ချရန်ခန့်မှန်း ထားပါသည်။

(ခ) တတိယအကြိမ် ၁၂ ရက်အကြာ လုပ်ငန်းခွင်ဝင်သင်တန်းအား y-5 မြို့နယ်သစ် ၃ မြို့နယ်မှ TTA KE နှင့် TDRD counterpart တစ်ဦးစီ တက်ရောက်ရမည် ဖြစ်ပြီး ၂၃ ဧပြီမှ ၈ မေ ၂၀၁၈ တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်။

(ဂ) ဒုတိယအကြိမ် TOT-1 ၉ရက်ကြာသင်တန်းအား y-5 မြို့နယ်သစ် ၃ မြို့နယ်မှ TTA Team Leader,TDRD Team Leader ,NPA နှင့် KE တစ်ဦးစီမှ တက်ရောက်ရမည် ဖြစ်ပြီး ၁၀-၂၂ မေ ၂၀၁၈ တွင် ဖွင့်လှစ်ပို့ချရန် ခန့်မှန်းထားပါသည်။

**ကျားမရေးရာနှင့် လူမှုဆိုင်ရာများ**

၃၀။ ကျားမရေးရာနှင့် လူမှုဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် -

(က) Training team နှင့် ပူးပေါင်း ၍ Gender training သင်တန်းများပေးခဲ့ပါသည်။

(ခ) အရေးကြီးသော gender concepts နှင့် CDD gender လိုအပ်ချက်များအား Infrastructure training တွင် မြို့နယ်အင်ဂျင်နီယာများနှင့် ဆွေးနွေးခဲ့ပြီး လုပ်ငန်ခွင်ဝင်သင်တန်း၌လည်း ယင်း concepts များနှင့် လိုအပ်ချက်များအား share ပေးခဲ့ပါသည်။

(ဂ) ကျားမရေးရာအစီရင်ခံစာ အထူးသဖြင့် (labor report format) အားM&E , MIS refresher trainging တွင် မြို့နယ်မှ M&E focals များအား share ပေးခဲ့ပါသည်။

(ဃ) Gender သုံးလပတ်အစည်းအဝေး အား ၂ ရက်ကြာ ပြည်နယ်တိုင်းဒေသကြီးမှ gender focal များအပါအဝင် မြို့နယ် ၄၁ မြို့နယ်မှ CSAG များနှင့် DRD counterparts များနှင့် အတူပြုလုပ်ခဲ့ပါသည်။

(င) ပြည်နယ်/တိုင်းဒေသကြီးမှ gender focals များနှင့် ပြည်ထောင်စုအဆင့် မှ ကျား မ ရေးရာ အဖွဲ့မှဝန်ထမ်းများ နှင့်အတူ အစီရင်ခံစာ ပုံစံများ၊ guidelines ၊ ကွင်းဆင်းစစ်ဆေးခြင်းပုံစံရေးသားနည်းများသေချာ ရှင်းလင်းစွာနားလည်နိုင်စေရန် workshop ၁ ရက်ပြုလုပ်ခဲ့ပါသည်။

(စ) နေပြည်တော် MICC 2 ၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာမြန်မာ အမျိုးသမီးများ နေ့ အထိမ်းအမှတ်ပွဲတွင် ကျားမရေးရာ mainstreaming activities များကို တင်ပြဆွေးနွေးခဲ့ပါသည်။

**နောက်သုံးလပတ် ဆောင်ရွက်ရမည့်အချက်များ**

**မြို့နယ်အဆင့်**

(က) စီမံကိန်းမြို့နယ် ၄၁ မြို့နယ် အနေဖြင့် ကျားမရေးရာ အစီရင်ခံစာများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး သို့ ပုံမှန်တင်ပြရန်အပြင် ပြည်ထောင်စုအဆင့်သို့လည်း တင်ပြရန်

(ခ) Labour report အား M&E focal နှင့် ပူးပေါင်း၍ ပြည်နယ်တိုင်းဒေသကြီး သို့တင်ပြရန်

(ဂ) ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် တို့အတွက် ကော်မတီဝင်များအား ကျားမရေးရာ သင်တန်းများပေးရန် CSAG နှင့် DRD မှ ဦးစီးဆောင်ရွက်ရန်

(ဃ) CF များအားလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းပေးရန်

(င) အမျိုးသမီးကော်မတီဝင်များ၏ စုဆောင်းရရှိလာသော အချက်အလက်များ အား political role အဖြစ်ပြောင်းရန်

(စ) ကျေးရွာလူထုစစ်ဆေးပွဲ မှ တွေ့ရှိရသော ကျားမရေးရာဆိုင်ရာ ပူးပေါင်းပါဝင်မှု တွေ့ရှိချက်များကို ဝေမျှရန်

**ပြည်နယ်တိုင်းအဆင့်**

(က) လစဉ်အစီရင်ခံစာအား ပြည်ထောင်စု အဆင့်သို့ မပြတ်တင်ပြရန်

(ခ) ကျေးရွာ အဆင့်များတွင် ကျားမရေးရာအသိအမြင် ဗဟုသုတ မြင့်မားကွယ်ဝ လာရေးဆောင်ရွက်ရန်

(ဂ) စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရာမှ အောင်မြင်စွာဆောင်ရွက်ခဲ့သော ဖြစ်ရပ်များအားရှာဖွေစုဆောင်းရင်းဖြင့် စောင့်ကြည့်ကြီးကြပ်ရေးခရီးစဉ်များအား မြို့နယ်အဆင့် TA/DRD များနှင့် ပူးပေါင်း ပြီး မပြတ်သွားလာဆောင်ရွက်ရုံသာမက ပြည်ထောင်စု အဆင့်သို့တင်ပြရန်

**ပြည်ထောင်စုအဆင့်**

(က) NCDDP ၏ ကျားမရေးရာ stragies ပြင်ဆင်ထားသည့် ပုံစံများ ကို WB အပါအဝင် CDD ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် အတူ အလုပ်ရုံဆွေးနွေးပွဲကျင်းပ ၍ ဆွေးနွေးတင်ပြရန်

(ခ) ကျားမရေး သုံးလပတ်အစည်းအဝေးတွင် ကျားမရေးရာဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများအား ဆွေးနွေးတင်ပြရန်

(ဂ) မြို့နယ်များ၌ ရေထောက်ပံ့ရေးစီမံကိန်းလုပ်ငန်းခွဲများအတွက် အချက်အလက်များ စုဆောင်းနိုင်ရန် စောင့်ကြည့် ကြီးကြပ်ရေးညွှန်းကိန်းများ အား မျှဝေတင်ပြရန်မြို့နယ်အသစ်များအတွက် ကျားမရေးရာသင်တန်း အား DSW နှင့် ပူးပေါင်းပို့ချမည်။

(ဃ) မြို့နယ် အသစ် ၆မြို့နယ် အတွက်လုပ်ငန်းခွင်သင်တန်းအား ကျားမရေးရာအပိုင်းအား ဆွေးနွေးတင်ပြရန်

(င) Union M&E, MIS team နှင့် ပူးပေါင်း၍ မြို့ နယ် M&E focal များအား labour report အားရှင်တင်ပြရန်

**စောင့်ကြည့်အကဲဖြတ်ခြင်းနှင့်သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း**

၃၁။ မြို့နယ်သစ် ၁၆မြို့နယ် အနက် ၉ မြို့နယ်အား M&E နှင့်ပတ်သက်ဆက်နွယ်သော အသုံးပြုပုံများ အားလုံးသင်တန်းပေးပြီး ပစ္စည်းများပါတပါတည်းထုတ်ပေးပြီး ဖြစ်ပါသည်။ ပြည်နယ်တိုင်းရုံးမှ focal များ အားလည်း မြို့နယ် သစ် ၉ မြို့နယ်နှင့် အတူ data များမှန်ကန်စွာ စစ်ဆေးနိုင်ပါရန် သင်တန်းပေးခဲ့ပါသည်။

၃၂။ ဤကာလအတွင်းတွင် GIS နှင့် ပတ်သက်၍ လိုအပ်ချက်ရှိသော အချက်အလက်များ ထုတ်ပေးခြင်း ၊ မြို့နယ်များ မှလိုအပ်သော GIS နှင့် ပတ်သက်သော အခက်အခဲများအား ကူညီထောက်ပံ့ပေးခဲ့ပါသည်။

၃၃။ ပြည်နယ်တိုင်းရုံးများအနဖြင့် သုံးလပတ်အစီရင်ခံစာအား အချိန်မီ ပို့ကြပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

(က) ကျန်နေသော မြို့နယ် များအား M&E နဲ့ပတ်သက်သော parallel session အနေဖြင့် ပေးရသော သင်တန်း၊ M&E , MIS သင်တန်းများ ပို့ချရန်ရှိပါသည်။

(ခ) စီမံကိန်းပိတ်သိမ်းမည့် ၆ မြို့နယ်အား ပြည်ထောင်စု စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပါသည်။

**ဝန်ထမ်းများဖွံ့စည်းမှု နှင့် စီမံခန့်ခွဲမှု**

(က) စီမံကိန်းမိတ်ဆက်အစည်း အဝေးအား( ၁၈.၁.၁၈ ) ရက်နေ့တွင် မိုးမိတ် မြို့နယ်၌ လည်းကောင်း ( ၂၅-၁-၁၈ )ရက်နေ့တွင် သဲကုန်းမြို့နယ် ၌ လည်းကောင်း၊ (၆-၂ ၁၈ )တွင် ပုဏ္ဏားကျွန်း မြို့နယ်၌ လည်းကောင်း ကျင်းပခဲ့ပါသည်။

(ခ) ပြည်ထောင်စု အဆင့် အစည်းအဝေးအား မတ်လ ၁၆ ရက်နေ့က ကျင်းပခဲ့ပါသည်။

(ဂ) ဝန်ထမ်း အင်အားစာရင်းအား ဇယား ဖြင့်ဖော်ပြထားပါသည်။ ဖေဖော်ဝါရီလ ၂၅-၂၇ တွင် ISM 15 ပြုလုပ်ခဲ့ပါသည်။

**နောက်သုံးလပတ်ဆောင်ရွက်မည့် အစီအစဉ်**

၃၄။ ISM 16 နှင့် TMSR အား ၅ လပိုင်းတွင် ပြုလုပ်မည်။CSO meeting အား၅ လပိုင်းတွင် ပြုလုပ်မည်။

## အစီရင်ခံစာ

၁။ ပြည်ထောင်စုအဆင့် သုံးလပတ် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှ မတ်လ ၃၁ ရက်ထိ အကျုံးဝင်ပါသည်။ ဤအစီရင်ခံစာတွင် (က) ရလဒ်မူဘောင်နှင့် စီမံကိန်းလုပ်ငန်း အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ခြင်း တိုးတက်မှု (ခ) အကောင်အထည်ဖော်ဆောင်ရန် ကန့်သတ်ချက်များနှင့် ဘေးအန္တရာယ်များ (ဂ) ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ အထိ လာမည့် ၉ လအတွက် လုပ်ငန်းအစီအစဉ် တို့၏ အဓိကအချက်များ ပါဝင်ပါသည်။

### အကောင်အထည်ဖော်ဆောင်ခြင်း

### လုပ်ငန်းတိုးတက်မှု

၂။ စီမံကိန်း ပဉ္စမနှစ် မြို့နယ်ဟောင်း ၄၅ မြို့နယ်၏ လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်မှု တိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်နိုင်ပါသည်-

(က) VDP သတ်မှတ်ချက် ၈၁၂၆ ရှိသည့်အနက် ၈၀၆၄ ခုပြီးစီး၍ ၉၉% ပြီးစီးခဲ့ပါသည်။

(ခ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၇၀၈ ခု ရှိသည့်အနက် ၆၃၆၈ ခုအား TPIC မှ အတည်ပြုပေးနိုင်ခဲ့ပြီး ၉၅% ပြီးစီးခဲ့ပါသည်။

(ဂ) စီမံကိန်းလုပ်ငန်းခွဲ အသေးစိတ်စီမံချက်ချမှတ်ခြင်းအား လုပ်ငန်းခွဲပေါင်း ၆၇၀၈ ခုရှိသည့် အနက် ၄၇၇၅ ခု ပြီးစီး၍ ၇၁ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(ဃ) စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၂၁၃ ခုအား အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသောကြောင့် ၁၉ % ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

(င) လုပ်ငန်းခွဲပေါင်း ၆၀၄ ခုအား အပြီးသတ်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီး ခဲ့ပါသည်။

(စ) လုပ်ငန်းခွဲပေါင်း ၅၇၆ ခုအား လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။

မြို့နယ်အသစ် ၁၆ မြို့နယ်မှ ၁၂ မြို့နယ်သာလုပ်ငန်းခွင်ဝင်သင်တန်းများတက်ရောက်ပြီးစီး၍ ဝန်ထမ်းခန့်ထားရေးများ ဆောင်ရွက်ပြီးစီးသော်လည်း ကျန်လေးမြို့နယ်မှာ ကမ္ဘာ့ဘဏ်၏ NOL အားစောင့်ဆိုင်း နေရခြင်းဖြစ်ပါသည်။ရွှေကျင်နှင့် တွန်းဖ်မြို့များ တွင် VDP အစည်းအဝေး ၈ခု နှင့်၁၆ ခု၊ ကျေးရွာအုပ်စု ရွေးချယ် ခြင်းအစည်းအဝေး ၆ ခု နှင့် ၇ ခု နှင့် တွန်ဖန်မြို့နယ်တွင် TPIC မှ လုပ်ငန်းခွဲ ၁၂ ခု အား အတည်ပြုခဲ့ပါသည်။ရွှေကျင်နှင့် တွန်းဖ်မြို့များ သည်အားကောင်းကြောင်း တွေ့နိုင်ပါသည်။

၃။ ယခုသုံးလပတ်အတွင်း စတုတ္ထနှစ်စီမံကိန်းတွင် လုပ်ငန်းခွဲမပြီးဆုံးသေးသော မြို့နယ် ၅ မြို့နယ် ကြန့်ကြာနေပါသည်။မင်းတုန်းမြို့နယ်၌ စီမံကိန်းလုပ်ငန်းခွဲ (၁ ) ခုမှာ သဘာဝဘေး ကြောင့် ပျက်စီး သွားပါ၍ ငွေတောင်းခံပြီးပြန်ကျငွေဖြင့် ဆက်လက်အကောင်အထည်ဖော်နေပါသည်။ ဘီလင်းမြို့နယ် တွင် စီမံကိန်းလုပ်ငန်းခွဲ (၁) ခုသာ ကျန်ရှိပြီး တပ်ကုန်းမြို့နယ်တွင် မီးလင်းရေး လုပ်ငန်း ၁ ခုသာ မီးလင်းရန်ကျန်ရှိပါတော့သည်။ ကျောက်ကြီးမြို့နယ်တွင် လူထုစစ်ဆေးပွဲပြုလုပ် ရန် လုပ်ငန်းခွဲ ၂ ခုကျန် ရှိပါသည်။ ကျွန်းစုမြို့နယ်တွင် လူထုစစ်ဆေးပွဲပြု လုပ်ရန် လုပ်ငန်း ၆ ခုကျန်ရှိနေ ပါသည်။ စတုတ္ထနှစ်တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၆၈၂ ခုအကောင်အထည်ဖော်ဆောင်ရွက်သည့် အနက် လုပ်ငန်းခွဲပေါင်း၇၆၇၁ ပြီးစီး၍ ၇၆၆၄ လူထုစစ်ဆေးပွဲပြုလုပ်နိုင်ခဲ့ပါသည်။ ပဥ္စမနှစ်မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် TPIC ခွင့်ပြုချက်ကျပြီး ၆၃၆၈ ခုအနက်မှ လုပ်ငန်း ၁၂၁၃ ခု ပြီးစီးခဲ့ပြီး ၁၉ % ပြီးစီးခဲ့ပါသည်။ Social Audit ၅၇၆ ခု ပြုလုပ်နိုင်ခဲ့ပြီး၄၇ % ပြီးစီး ခဲ့ ပါသည်။ မြို့နယ်သစ်များ စီမံကိန်းလုပ်ငန်းများ စတင်ရန်နောက်ကျပါသောကြောင်း မြို့နယ် ၁၆ မြို့နယ် ၌ ၂၀၁၉ ခု ပထမ ၃ လပတ် ထိတိုင်အောင် မပြီးစီးနိုင်ကြောင်း ဇယား ( ၁ ) ဖြင့်ဖော်ပြထား ပါသည်။

၄။ လုပ်ငန်းကဏ္ဍအလိုက်ဖြန့်ဖြူးမှုများ ဇယား ၁- လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ( လမ်းများ၊ တံတားများ၊ သဘော်ဆိပ်ခံ တံတား စသည်) တည်ဆောက်မှုများသည် ၅၈% ထိတိုးတက်လာ ပါ သည်။ ပညာရေး ၁၂.၇ % ၊ လူထုအထောက်အပံ့ဖြစ်သော လုပ်ငန်းများသည် ယခုနှစ် ပဥ္စမနှစ် စီမံကိန်းတွင် ၉.၉ % ထိတိုးမြင့် ဆောင်ရွက်လာပါသည်။ ထို့နောက်တွင် ရေရရှိရေးနှင့်မိလ္လာ၊ အမှိုက်သန့်ရှင်းရေး ၈.၇ % ၊လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးမှု ၈.၆% အခြား ၁.၈ % နှင့် ကျန်းမာရေး ၀.၄ % ဆောင်ရွက်လျက်ရှိပါသည်။

**ဇယား ၁။ ၃၁/၃/၂၀၁၈ အထိ NCDDP မှ အစီအစဉ်ရေးဆွဲထားသော စီမံကိန်းလုပ်ငန်းခွဲများ၏ ကဏ္ဍအလိုက်ဆောင်ရွက်ခြင်း**

| | ပထမနှစ် | | ဒုတိယနှစ် | | တတိယနှစ် | | စတုတထနှစ် | | ပဥ္စနှစ် | |
|---|---|---|---|---|---|---|---|---|---|---|
| | # | % | # | % | # | % | # | % | # | % |
| သယ်ယူပို့ဆောင်ရေး | ၁၂၆ | ၃၅.၃၀% | ၇၄၃ | ၄၁.၀၀% | ၂,၃၀၃ | ၅၀.၃၀ % | ၄,၂၈၆ | ၅၆% | ၂၇၆၄ | ၅၇.၉ % |
| ရေပေးဝေရေးနှင့် ကျန်းမာသန့်ရှင်းရေး | ၆၉ | ၁၉.၃၀% | ၄၁၅ | ၂၂.၉၀% | ၉၇၇ | ၂၀.၃၀ % | ၁၁၅၁ | ၁၅% | ၄၁၅ | ၈.၇% |
| ပညာရေး | ၁၁၈ | ၃၃.၁၀% | ၄၃၄ | ၂၄.၀၀% | ၉၆၁ | ၁၉.၁၀ % | ၁,၀၆၁ | ၁၃% | ၆၀၈ | ၁၂.၇ % |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| မီးလင်းရေး | ၂၆ | ၇.၃၀% | ၁၄၂ | ၇.၈၀% | ၂၀၆ | ၄.၂၀% | ၄၈၆ | ၆% | ၄၁၀ | ၈.၆% |
| ရပ်ရွာလူထု အထောက်အပံ့ | ၁၅ | ၄.၂၀% | ၄၉ | ၂.၇၀% | ၁၃၅ | ၂.၀၀% | ၄၁၀ | ၄% | ၄၇၄ | ၉.၉% |
| ကျန်းမာရေး | ၁ | | | | ၃၃ | ၀.၀၁၉ % | ၃၂ | ၀.၄% | ၁၈ | ၀.၄% |
| အခြား အဆောက်အအုံများ | | | | | ၅၅ | ၀% | ၆၁ | ၂% | ၂၉ | |
| အခြား | ၂ | ၀.၈၀% | ၂၉ | ၁.၆၀% | ၆၁ | ၂.၂၀% | ၁၈၄ | ၃% | ၆၄ | |
| | | | | | | | | | | |
| စုစုပေါင်း | ၃၅၇ | ၁၀၀% | ၁,၈၁၂ | ၁၀၀% | ၄,၇၃၁ | ၁၀၀% | ၇,၆၇၁ | ၁၀၀ % | ၄၇၇၅ | ၁၀၀% |
| | | | | | | | | | | |

၅။ ပဥ္စမနှစ်စီမံကိန်း ၄၅ မြို့နယ် အတွက် ခွဲဝေ ချထားငွေ မြန်မာငွေကျပ် ၆၆.၀၆ ဘီလီယံအား ထုတ်ပေးခဲ့ပြီးဖြစ်သောကြောင့် ချေးငွေ ၁၀၀% ထုတ်ပေးပြီးဖြစ်ပါသည်။ ထို့နောက် ရေလွှမ်းသော မြို့နယ် ၁၁ မြို့နယ် ချေးငွေထဲသို့ သဘာဝဘေး အတွက် မြန်မာငွေကျပ် ၁၄၃.၂ မီလီယံ ထပ်ပေါင်း ထည့်ခဲ့ပါသည်။

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များ**

**ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များလိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း**

၆။ လူထုဗဟိုပြုစီမံကိန်း ပဥ္စမနှစ် စီမံကိန်းစက်ဝန်း၏ ပထမသုံးလပတ် အတွင်း ဒေါ်အိနှင်းခိုင် ( Union infrastructure and safeguard assistant –union level) သည် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် နေပြည်တော်နယ်မြေသို့ လည်းကောင်း ၊ ဦးနေမျိုးအောင် (Union infrastructure and safeguard assistant –union level ) နှင့် မကွေး Regional infrastructure တို့သည် မကွေးတိုင်းဒေသကြီး သို့လည်းကောင်း ၊ ဒေါ်ဝေမွန်သက် (Union infrastructure and safeguard assistant –union level) သည် ဧရာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ကရင်ပြည်နယ် သို့ လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် များအလိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ စစ်ဆေးတွေ့ရှိချက်များ နှင့် အကြံပြုချက်များ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီမံကိန်းလုပ်ငန်းခွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြို့နယ် CDD Team သည် ပိုမိုအားထုတ် ဖို့လိုအပ်ပါသည်။ လုပ်ငန်းခွဲများအား ဆက်စပ်ဌာနဆိုင်ရာများ၏ စည်းမျဉ်း၊စည်းကမ်း များနှင့် ကိုက်ညီသော အကြံပြုချက်များ နှင့် အတည်ပြုချက်များ ရယူထားရမည်။

(ခ) မြို့နယ် TTA Team သည် နည်းပညာဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊မရှိ follow up လုပ်ရန် လိုအပ်ပြီး regional infra;-TA နှင့် လည်း ပေါင်း စပ်ညှိနှိုင်းလုပ်ဆောင်ဖို့လည်း လိုအပ်ပါသည်။

(ဂ) မြို့နယ် TTA Team သည် စွမ်းဆောင်ရည်နည်းသော ၊ ပူးပေါင်းဆောင်ရွက်မှု အားနည်းသော ကျေးရွာအုပ်စု များသို့ ကြီးကြပ်ကွပ်ကဲ ပြောဆိုစည်းရုံးရန်လိုအပ်ပါသည်။

(ဃ) ပြည်နယ်/ တိုင်းဒေသကြီး CDD Team နှင့် မြို့နယ် TTA Team တို့သည် လည်ပတ်ရေးနှင့် ပြုပြင်ထိမ်းသိမ်းရေး လုပ်ဆောင်ချက်များ နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်းများ လုပ်ဆောင်ရမည်။

(င) ကျေးရွာတစ်ရွာချင်းစီ အလိုက် စီမံကိန်းလုပ်ငန်းခွဲဖိုင်၊ ဝယ်ယူရေးဖိုင်၊ ဘဏ္ဍာရေးဖိုင် ၊ လုပ်ငန်း မှတ်တမ်း၊ ဧည့်မှတ်တမ်းများ ရှိရမည်။

(စ) TF နှင့် CF များ သည် သတ်မှတ်ထားသော Ecop နှင့် EMP ကိစ္စရပ်များကို ကျေးရွာ ကော်မတီများနှင့် ကျေးရွာလူထုအား အလျဉ်းသင့်သလို ထပ်ခါထပ်ခါ ဝေမျှရမည်။

(ဆ) ပြည်နယ်/တိုင်းဒေသကြီး CDD Team အနေဖြင့် ကျေးရွာလူထု၏ ပိုမိုစိတ်ဝင်စားလာ စေရန်၊ ပူးပေါင်းပါဝင်မှုအားကောင်းလာစေရန် ကွင်းဆင်းစစ်ဆေးခြင်းများ ပိုမိုလုပ်ဆောင်သင့် သည်။

(ဇ) မြို့နယ်တိုင်းသို့ ပြည်ထောင်စုအဆင့် နည်းပညာအကြံပေးအဖွဲ့မှ ကျေးရွာ အဆင့် စီမံကိန်းလုပ်ငန်းခွဲဖိုင် နှင့် မြို့နယ် TF ဖိုင် ထားရှိရန် အသေးစိတ်ညွှန်ကြားထားသော အချက်အလက်များအား ပေးပို့ထားပြီး ဖြစ်သော်လည်း ယခု ကွင်းဆင်းစစ်ဆေးစဉ် အတွင်းလိုက်နာဆောင်ရွက်ခြင်း မရှိသေးပါ။

(ဈ) စီမံကိန်း နောက်ဆုံနှစ် မြို့နယ်များ၏ TTA Team အနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီ အစဉ်များ၏ အရေးကြီးသောအချက်အလက်များအား မည်သို့စီမံခန့်ခွဲမည် ၊ကျေးရွာလူထု အကောင်အထည် ဖော်ဆောင်ရွက် လိုသော လုပ်ငန်းခွဲနှင့် ပတ်သက်၍ မည်သည့်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ကိုသိရှိစေရန် နှင့် လည်ပတ် ရေးနှင့်

ပြုပြင်ထိမ်းသိမ်းရေး အစီအစဉ်များအား သိရှိစေရန် စည်းရုံးလှုံ့ ဆော်ပေးရန်လိုအပ် သည်။

(ည) မကွေးတိုင်းဒေသကြီးအတွင်း ရှိသော မင်းတုန်း၊ ဆော၊ ထီးလင်း နှင့် ပေါက်မြို့နယ်များ သို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ပဥ္စမနှစ် စီမံကိန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းခွဲပေါင်း ၆၃၄ ခု ရှိသည့် အနက် ၁၇ ခု အား စစ်ဆေးနိုင်ခဲ့သည့် အတွက် လုပ်ငန်းခွဲစုစုပေါင်း၏ ၃% လွှမ်းခြုံနိုင်ခဲ့ပါသည်။

(ဋ) အချို့လမ်းစီမံကိန်း လုပ်ငန်းခွဲများသည် သည် လမ်းကြိတ်စက်များ ခက်ခဲ ရှိနေပါသော နောက်ကျနေခြင်းဖြစ်ပါသည်။

(ဌ) PC 3,4,5,13,14,15 and O&M ပုံစံများ ပါဝင်သော infra file အား ၉၅ % ပြီးစီး ဆောင်ရွက်ထားကြောင်းတွေ့ရှိရပါသည်။

(ဍ) ၂၀၁၇ စက်တင်ဘာလကုန်၌ စီမံကိန်းရပ်ဆိုင်းလိုက်သော ကန်ပက်လက်မြို့နယ် တွင် လည်ပတ်ရေးနှင့်ပြုပြင်ထိမ်းသိမ်းရေးအစီအစဉ် အတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်မှု ရှိ/မရှိအာ စုံစမ်းစစ်ဆေးရန် လိုအပ်ပါသည်။

(ဎ) စီမံကိန်းပဥ္စမနှစ်တွင်စီမံကိန်းရပ်ဆိုင်းတော့မည့် ပင်လည်ဘူးမြို့နယ် နှင့် စေတုတ္တရာ မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ၇၆% နှင့် ၅၅ % ပြီးစီးကြောင်း တွေ့ရှိရပါသည်။ ယင်းမြို့နယ်များတွင် လည်ပတ်ရေးနှင့်ပြုပြင်ထိမ်းသိန်းရေး အစီအစဉ်များအတွက် တိကျသော လမ်းညွှန်ချက်များ လိုအပ်ပါသည်။

(ဏ) မွန်၊ကရင်၊ ရခိုင်၊ ဧရာဝတီ၊ တနင်္သာရီ ဒေသများတွင် စီမံကိန်းလုပ်ငန်းခွဲများသည် အရည်အသွေး ကောင်းမွန်ပြီး လည်ပတ်ထိမ်းသိမ်းရေး ရန်ပုံငွေများရှိနေပြီး ဖြစ်ကြပါသည်။ သို့သော် တချို့ အဆင်မပြေ သည်လည်းတွေ့ရှိရပါသည်။

(တ) လက်ထောက်နည်းပညာမှူးများအား instrument of leveling သင်တန်းအား ပို့ချပေးနိုင်လျှင် လုပ်ငန်းများ ပိုမိုအရည် ကောင်းမွန်လာပါလိမ့်မည်။

(ထ) Infra counterpart, cluster leader နှင့် sub cluster leader များသည် monitoring trip များ အကြိမ်များများဆင်းနိုင်လေလေ ပိုကောင်းလေဖြစ်ပါသည်။

**အကာအကွယ်ပစ္စည်းများဆိုင်ရာသင်တန်းများ**

၇။ မင်းတုန်းမြို့နယ်၌ လက်ထောက်နည်းပညာမှူးများအား instrument of leveling သင်တန်း ပေးခဲ့ပါသည်။ လက်ထောက်နည်းပညာမှူးများအား instrument of leveling သင်တန်းအား ပို့ချပေနိုင်လျှင် လုပ်ငန်းများ ပိုမိုအရည် ကောင်းမွန်လာပါလိမ့်မည်။ လက်ထောက်နည်းပညာမှူး များသည် EMP အကြောင်းအားရှင်းလင်းစွာမသိသေးကြောင်း လေ့လာ တွေ့ရှိရပါသောကြောင့် EMP training များပေးရန်လိုအပ်ပါသည်။ ESMF,PCR,EMP/PCRMP,PC-12 ပုံစံ များအား မွမ်းမံသင်တန်းများပေးရန်လို အပ်ပါသည်။ သံကူကွန်ကရာစ်လုပ်ငန်းဆိုင်ရာအခြေခံစံနှုန်းများကို မွမ်းမံသင်တန်းအဖြစ်နှင့် EMP သင်တန်းများကို မန္တလေးတိုင်းဒေသကြီး ၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်နယ်မြေတွင် ပေးခဲ့ပါသည်။

**မြို့နယ်များအား နည်းပညာထောက်ပံ့ပေးခြင်း**

၈။ ပြည်ထောင်စုကျေးလက်ဦးစီးဌာနမှ အခြေခံအဆောက်အဦးဆိုင်ရာ နည်းပညာအကြံပေးအရာရှိ (၃)ဦးသည် ၄င်းကောင်းတို့ တစ်ဦးစီ အတွက် သတ်မှတ်ထားသော ဒေသသုံးပိုင်းကြား အချိန်ကို ခွဲဝေပြီး မြို့နယ်များသို့ ပုံမှန်အထောက်အပံ့ပေးခြင်း နှင့် စောင့်ကြည့် ကြီးကြပ်ရေးကွင်းဆင်းခြင်းတို့အား ပြုလုပ်ပါသည်။ ဤအကြံပေးအရာရှိ ၃ ဦးတို့သည် စီမံကိန်းလုပ်ငန်းများအား (က) ပြည်နယ်/တိုင်းဒေသကြီးရှိ infra အကြံပေး အရာရှိ၏ ကွင်းဆင်း အစီရင်ခံစာအားသုံးသပ်ခြင်း ၊ (ခ) ထိုအကြံပေးအရာရှိတို့အားသင်တန်းများ ထောက်ပံ့ ပေးခြင်းနှင့် (ဂ) အထောက်အပံ့လိုအပ်သည်ဟု သတ်မှတ်ထားသော အချို့စီမံကိန်းလုပ်ငန်းခွဲများသို့ ကွင်းဆင်းမှု ပြုလုပ်ခြင်းအားဖြင့် နည်းပညာ အထောက်အပံ့ပေးရပါသည်။

**ဆန္ဒအလျောက်ထည့်ဝင်လှူဒါန်းခြင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်**

၉။ ဆန္ဒအလျောက်မြေယာလှူဒါန်းမှု အရေအတွက်မှာ ၆၂ ခုဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ် အရေအတွက်မှာ ၃၀၁ ခုဖြစ်ပါသည်။ မြို့နယ်အလိုက် အသေးစိတ် အချက်အလက် များအား **ဇယား ၂** ဖြင့်ဖော်ပြထားပါသည်။ လူမှုဆိုင်ရာအကာအကွယ်နှင့်ပတ်သက်၍ အသေးစိတ်အား **ဇယား- ၃** ဖြင့်ဖော်ပြထားပါသည်။

# ဇယား- ၂

**စေတနာအလျောက်မြေယာလျှော့ဒါန်းခြင်း/လျော်ကြေးပေးခြင်းဆိုင်ရာစာရင်း**

| စဉ် | ပြည်နယ်/တိုင်း | မြို့နယ် | မြေယာလျှော့ဒါန်းမှုရှိသော | | မြေယာလျှော့ဒါန်းသောစီမံကိန်းလုပ်ငန်းခွဲပေါင်း | မြေယာကိစ္စ | | စုစုပေါင်း PC14 အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | ကျေးရွာအုပ်စုပေါင်း | ကျေးရွာပေါင်း | | မြေယာလျှော့ဒန်းသောအိမ်ထောင်စုအရေအတွက် | လျော်ကြေးငွေပေးရသောအိမ်ထောင်စုအရေအတွက် | | |
| ၁ | ကချင်ပြည်နယ် | မိုးကောင်း | ၇ | ၈ | ၈ | ၂၉ | - | ၃၀ | |
| ၂ | ကယားပြည်နယ် | ဒီမောဆို | ၃ | ၄ | ၄ | ၂၃ | - | ၂၄ | |
| ၃ | | ဖရူဆို | ၃ | ၄ | ၄ | ၁၄ | - | ၁၄ | |
| ၄ | | လွိုင်ကော် | ၈ | ၁၀ | ၁၁ | ၉၆ | - | ၉၈ | |
| ၅ | | ရှားတော | - | - | - | - | - | - | မြေလျှော့ဒါန်းမှုမရှိပါ |
| ၆ | | ဖားဆောင်း | ၂ | ၂ | ၂ | ၁၇ | - | ၁၇ | |
| ၇ | | ဘော်လခဲ | ၅ | ၆ | ၆ | ၃၂ | - | ၃၂ | |
| ၈ | | မယ်စဲ့ | ၁ | ၂ | ၂ | ၁ | - | ၁ | |
| ၉ | ကရင်ပြည်နယ် | ကြာအင်းဆိပ်ကြီး | ၁၀ | ၂၂ | ၂၃ | ၁၃၂ | - | ၁၃၂ | |
| ၁၀ | ချင်းပြည်နယ် | မတူပီ | - | - | - | - | - | - | |
| ၁၁ | စစ်ကိုင်းတိုင်း | ပင်လည်ဘူး | ၁၂ | ၁၃ | ၁၃ | ၁၃၄ | - | ၁၃၄ | |
| ၁၂ | | မြောင် | ၅ | ၅ | ၅ | ၇၆ | - | ၇၆ | |
| ၁၃ | | ဖန်းမောက် | ၃ | ၆ | ၆ | ၂၉ | - | ၂၉ | |
| ၁၄ | မကွေးတိုင်း | ဓေတုတ္တရာ | ၂ | ၂ | ၂ | ၄ | - | ၄ | |
| ၁၅ | | မင်းတုန်း | - | - | - | - | - | - | မြေလျှော့ဒါန်းမှုမရှိပါ |
| ၁၆ | | ဆော | ၆ | ၆ | ၆ | ၁၁၄ | - | ၁၁၄ | |
| ၁၇ | | ထီးလင်း | ၄ | ၄ | ၄ | ၄ | - | ၄ | |
| ၁၈ | | ပေါက် | ၃ | ၃ | ၃ | ၁၄ | - | ၁၄ | |
| ၁၉ | မန္တလေးတိုင်း | ငါန်းဇွန် | ၄ | ၅ | ၅ | ၁၇၅ | - | ၁၇၅ | |
| ၂၀ | | ညောင်ဦး | ၂၃ | ၂၃ | ၄၁ | ၁၁၉ | - | ၁၁၉ | |

# ဇယား-၃

**Procedures and progress for ethnic language translation**

| No | Language | 1st step (send the documents to townships) | | 2nd step (receive documents translated by township) | | 3rd step (make layout) | | 4th step (send layout documents to townships) | | 5th step (send layout again for correction) | | 6th step (ready to print) | | 7th step (distribution to townships) | | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 4th Cycle | | | | | | | | | | | | | | | | |
| 1 | Kayan | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Demoso,Hsihseng |
| | | done | done | done | done | done | done | done | done | done | done | done | done | done | done | |
| 2 | Kayah | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Hpruso,Demoso |
| | | done | done | done | done | done | done | done | done | done | done | done | done | done | done | |
| 3 | East Poe (Kayin) | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Kyarinnseikgyi,Bilin |
| | | done | done | done | done | done | done | done | done | done | done | done | done | done | done | |
| 4 | Sagaw (Kayin) | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Kyarinnseikgyi,Hparsaung,Kyaukkyi,Bilin,Tanintharyi |
| | | done | done | done | done | done | | done | | done | | done | | done | | |
| 5 | Mon | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Posters/ Brochures/ Envelope | OM | Chaungzon |
| | | done | done | done | | | | | | | | | | | | |

၁၀။ သဘာဝဘေးကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအား ထောက်ပံ့ပေးမှုအစီအစဉ် - ပဥ္စမနှစ်တွင် မြို့နယ် ၁၁ မြို့နယ်၌ ချေးငွေအပြင် သဘာဝဘေးအတွက် fund အဖြစ် စုစုပေါင်း မြန်မာငွေကျပ် ၁၄၅.၇ ဘီလီယံအားထုတ် ပေး ပြီးဖြစ်ပါသည်။ ခွဲဝေချထားငွေအား အောက်ပါအတိုင်း ဇယား-၃ တွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်-

**Tble 3: Supplementary Block Grant for Flood Damage Year 5**

| | Township | Block Grant | Included amount for damage |
|---|---|---|---|
| | | MMK | MMK |
| 1 | Namhsan | 368,000,000 | 4,000,000 |
| 2 | Ann | 1,140,000,000 | 39,200,000 |
| 3 | Pinlebu | 1,444,000,000 | 25,346,000 |
| 4 | Hpruso | 346,000,000 | 4,550,000 |
| 5 | Kyainseikkyi | 2,488,000,000 | 2,520,000 |
| 6 | Paletwa | 2,134,000,000 | 909,500 |
| 7 | Tatkone | 1,034,000,000 | 9,930,000 |
| 8 | Mindon | 1,584,000,000 | 36,645,700 |
| 9 | Thabaung | 1,932,000,000 | 4,170,000 |
| 10 | Pyawbwe | 2,712,000,000 | 10,627,200 |
| 11 | Ngapudaw | 2,768,000,000 | 7,870,000 |
| | Total | | 145768400 |

## အစီရင်ခံထားသော ပြဿနာများ/ကိစ္စရပ်များနှင့် အထောက်အပံ့လိုအပ်ချက်များ

### (က) စီမံကိန်းမှ ထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းအခက်အခဲ

**မိုးညိုမြို့နယ်**

တက်ဘလက်များတွင် မှန်မကွဲစတစ်ကာများ တပါတည်း စီစဉ်ပေးပါက ပျက်ဆီးမှုပိုမို လျော့နည်း နိုင်ပါသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်၊လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွင်း ရုံးသုံးဓါတ်ပုံ ကူးစက် ပျက်စီး နေခြင်းအား နေပြည်တော်နှင့်တိုင်းစီမံကိန်းရုံးသို့ ပြင်ဆင်နိုင်ရန်အတွက် လမ်းညွှန် မှုများတင်ပြထားရှိပါသည်။

**ပန်းတောင်းမြို့နယ်**

SAMSUNG Brand ရုံးသုံး Electronics ပစ္စည်းများ (Photo Copier, Fax & Scanner)သည် အပိုပစ္စည်းများ ရှားပါးပြီး ပြန်လည်ပြုပြင်ရန် နည်းပညာကျွမ်းကျင်သူ မြို့နယ်အတွင်းတွင် ရှားပါးပါသည်။ NEC Desktop Computer များ၏ Keyboard လက်ကွက်

များ မှားယွင်းနေသောကြောင့် အသုံးပြုရာတွင် အခက်အခဲရှိပါသည်။ (Desktop တစ်လုံး၏ Monitor Screen ပျက်စီးမှုရှိပြီး ရုံးသုံး TVS ဆိုင်ကယ် များအတွက် အပိုပစ္စည်းများ ရှားပါးသောကြောင့် လဲလှယ်ရာတွင် အခက်အခဲများရှိသည့်အပြင် ပြင်ဆင် ထိန်းသိမ်းမှု ပြုလုပ်ရန် အတွက် အခက်အခဲရှိပါသည်။ ဆိုင်ကယ်များပြုပြင်ပြီး Union Procurement သို့လည်း Service Charges ပြုပြီးဖြစ်ပါသည်။ LENOVO (i7) Laptop များ၏ Software များ Update ပြုလုပ်ရန် လိုအပ်ခြင်းနှင့် Internet ချိတ်ဆက်သုံးစွဲရာတွင် အခက်အခဲများရှိပါသည်။

**မတူပီမြို့နယ်**

စီမံကိန်းမှ ထောက်ပံ့ပေးသော မော်တော်ဆိုင်ကယ်များအတွက် အပိုပစ္စည်းများ ဒေသတွင်မရရှိ နိုင်ခြင်း၊ မန္တလေး TVS ကုမ္ပဏီအရောင်းဆိုင်တွင်လည်း အပိုပစ္စည်းများ လုံလောက်စွာ အဆင်သင့် ဝယ်မရခြင်းကြောင့် အခြားတံဆိပ် (တရုတ်နိုင်ငံထုတ် kenbo အမှတ်တံဆိပ်) များကို ပြုပြင်ကာ အစားထိုး သုံးစွဲရသော်လည်း အဆင်မပြေပါ။ စီမံကိန်းမှ ထောက်ပံ့ပေးသော DTဆိုင်ကယ်များ (၁၅ စီး) အား အသုံးပြုလျှက်ရှိပြီး (၁) စီးမှာ ပြုပြင် ရန် လိုအပ်နေပါသည်။ လက်ပ်တော့ကွန်ပြူတာများ လုပ်ဆောင်ချက် နှေးကွေးခြင်း၊ ရုံဖန်ရုံခါပါဝါဖွင့်မရခြင်း၊ ကီးဘုတ်များ ကောင်းမွန်စွာ အလုပ်မလုပ်ခြင်းများ ကြုံတွေ့ရပါသည်။ ပြင်ဆင်ရန် ပေးပို့ထားသော Tablet (၄) လုံးအား ယခုချိန်ထိ မရရှိ သေးပါ။ မိတ္တူကူးစက်ကိုလည်း ပြုပြင်ရန် နေပြည်တော်သို့ ပို့ထားပါသည်။

**တွန်းဇံမြို့နယ်**

ဆိုင်ကယ်စုစုပေါင်း (၂၇) စီး ရရှိသော်လည်း စည်းရုံးရေးမှူးခေါင်းဆောင်(၂)ဦး ၊ လက်ထောက် နည်းပညာမှူး (၂) ဦးနှင့်လူထုစည်းရုံးရေးမှူး (၅) ဦး အတွက် စုစုပေါင်း ဆိုင်ကယ် (၈)စီးနှင့် Tablet စုစုပေါင်း(၇)လုံး လိုအပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

**ဒီးမော့ဆိုမြို့နယ်**

3rd cycle စတင်ပြီ ဖြစ်သော ကြောင့် ဆိုင်ကယ်(၃၀)စီးအတွက် ဆိုင်ကယ်အပိုပစ္စည်း ဝယ်ယူသုံးစွဲခွင့် ပြုစေလိုကြောင်း အကြံပြုတင်ပြပါသည်။

**ဖရူဆိုမြို့နယ်**

အလွန်ကြမ်းတမ်းသည့်တောင် တက်လမ်းများ အတွက်ချမှတ်ပေးထားသည့် ဆိုင်ကယ် အကြီးများ Engine Power နည်းလွန်းခြင်းနှင့် Printer များ၊ Copier များအတွက်ကျွမ်းကျင်သည့်Serviceမရှိခြင်း စသည့်အခက်အခဲများရှိပါကြောင်း တင်ပြအပ်ပါ သည်။

**ဖားဆောင်းမြို့နယ်**

Laptop(၆)လုံးရရှိပြီးမြို့နယ်နည်းပညာအကြံပေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းစုစုပေါင်(၁၃)ဦးရှိသည့်အပြင်(၃)မြို့နယ်ပေါင်းCluster (၁)ခုဖြစ်

သည့်အတွက် လုပ်ငန်းများ ဆောင်ရွက် ရာတွင် အနည်းငယ် အခက်အခဲရှိနေပါသည်။စီမံကိန်းမှထောက်ပံ့ပေးသော မော်တော်ဆိုင်ကယ်သည် TVS110 သာ ဖြစ်သောကြောင့် စီမံကိန်းဒေသဖြစ်သည့် အထူးသဖြင့်မော်ချီးဒေသ အတွက် အနည်းငယ်ကိုက်ညီမှု မရှိပဲဖြစ်နေပါသည်။ ဖားဆောင်းရုံး၏ Air Router(၁)ခု ၊ Tablet(၁)လုံး များပျက်စီးသွား သဖြင့် ပြန်လည်ပြင်ဆင်နိုင်ရန် ရုံးချုပ်သို့ပေးပို့ထားပြီးဖြစ်သော်လည်း ပြန်လည်မရရှိသေးပဲဖြစ်နေပါသည်။ စီမံကိန်းမှ ထောက်ပံ့ရန် စီစဉ်ထားသော Video Camera ကိုလည်းအမြန်ဆုံးပေးပို့စေလိုပါသည်။

## ကြာအင်းဆိပ်ကြီးမြို့နယ်

Honda 125 (DT) ဆိုင်ကယ်များ၏ အရံပစ္စည်းများ ဝယ်ယူရန် အခက်အခဲရှိပါသဖြင့် ဒေသတွင်း တွင်ခုံများတွင် တီထွင်၍ အသုံးပြုရပါသည်။TVS (ဆိုင်ကယ် အသေး) များ၏ အရံပစ္စည်းများမှာလည်း ဒေသတွင်း ဝယ်ယူ မရရှိနိုင်သောကြောင့် ကုမ္ပဏီ သို့ တိုက်ရိုက်မှာယူသုံးစွဲရပါသည်။ တခါတရံ ကုမ္ပဏီတွင် ပစ္စည်း ပြတ်နေသည့် အခါ အရံပစ္စည်းများ ရရှိရန် ကြန့်ကြာမှုများ ရှိပါသည်။

## လှိုင်းဘွဲ့မြို့နယ်

မော်တော်ဆိုင်ကယ်များ အမြန်လာရောက်တပ်ဆင်ပေးရန် လိုအပ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး

ဝန်ထမ်းအသစ်(၃)ဦးအတွက် မိုးကာအင်္ကျီ ပံ့ပိုးပေးရန်လိုအပ်နေပါသည်။ Laptop Computer များ၏ Window Software မှာ Out of Date ဖြစ်နေသဖြင့် Software Updated ပြုလုပ်ပေးရန်လိုအပ်နေပါသည်။

## ငါန်းဇွန်မြို့နယ်

ဝန်ထမ်းအသစ်(၁၆)ဦးအတွက် ကျောပိုးအိတ်နှင့်မိုးကာအင်္ကျီ ပံ့ပိုးပေးရန်လိုအပ်နေပါသည်။ စီမံကိန်း အကောင်အထည်ဖော်မှုကာလမှာ တတိယနှစ်စက်ဝန်းဆောင်ရွက်နေပြီ ဖြစ်၍ဖိုင်များအလွန်များပြားနေပြီး ဖိုင်စင်(၅)ခု ထပ်မံလိုအပ်လျှက်ရှိပါသည်။

## ညောင်ဦးမြို့နယ်

ဘီရိုများမလုံလောက်ခြင်းနှင့် ဘီရိုတံခါးများခိုင်ခံ့မှုမရှိခြင်း၊ Tablet များ ပြင်ဆင်ရန် ပေးပို့သော်လည်း ကြန့်ကြာမှုဖြစ်ခြင်း (လုပ်ငန်းချိန်) ရာသီအတွင်း မရရှိခြင်းစသော အခက်အခဲများရှိပါသည်။

**ပျော်ဘွယ်မြို့နယ်**

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပေးပို့ထားသော မော်တော် ဆိုင်ကယ်များသည်စီမံကိန်းစက်ဝန်းတစ်နှစ်ကျော်လာပြီးဖြစ်သဖြင့် ဆိုင်ကယ် Chain Spocket များသည် အသစ် လဲလှယ်ရန် လိုအပ်နေပြီးအခြားဆိုင်ကယ် အပိုပစ္စည်းများနှင့် အမျိုးအစားမတူ၍ လဲလှယ်ရန် အခက်အခဲ ရှိနေပါသည်။Laptop Computer များ၏ Window Software မှာ Out of Date ဖြစ်နေသဖြင့် Software Updated ပြုလုပ်ပေးရန်လိုအပ်နေပါသည်။Tablet (၅)လုံးမှာ နေပြည်တော် သို့ပေးပို့ ထားပြီးပြန်မရသေးပါ။ (တစ်လုံးမှာမှန်ကွဲပြီး၊(၄)လုံးမှာ Power ဖွင့်မရ ဖြစ်နေပါသည်)။Finance TTA အတွက်ပေးထားသော Desktop Computer မှာ သုံးမရ ဖြစ်နေသဖြင့် နေပြည်တော်မှ ပထမအကြိမ်ပြုပြင်ပေးထားပြီးဖြစ်သော်လည်း အသုံးပြု မရဖြစ်နေပါသည်။Color Printer မှာလည်း Maintenance ပြုပြင်ရန် လိုအပ်နေပါသည်။

**မင်းတုန်းမြို့နယ်**

စီမံကိန်းအတွက် နေပြည်တော်(ရုံးချုပ်)မှ ထောက်ပံ့ပေးသော စီမံကိန်းလုပ်ငန်းခွဲများ တွင်စိုက်ထူရမည့် ကျောက်စာတိုင်များတွင်အသုံးပြုသည့် စီမံကိန်းအမှတ်တံဆိပ်ပါ (Logo) ကြွေပြားများ၏အရည်အသွေးမှာ မကောင်းသောကြောင့် နေရောင်ခြည်ဒါဏ် မခံနိုင်ဘဲ အချိန်တိုအတွင်းတွင် ဆေးရောင်များ ပျက်ပျယ်သွားသည်ကို တွေ့ရှိရကြောင်း၊ Tablet 2 လုံးမှာ power များအလုပ်မလုပ်သဖြင့် Union procurement သို့ Aug, 2017 တွင် ပို့ထားသော်လည်း အကြောင်းကြားခြင်း မရှိကြောင်းနှင့် လက်ရှိတစ်လုံးမှာလည်း မျက်နှာပြင်ခုံးနေသောကြောင့် မှန်မကွဲကပ်မရခြင်း တို့ ကြုံတွေ့နေရကြောင်းတင်ပြထားပါသည်။

**ပေါက်မြို့နယ်**

တင်ပြထားသည်မှာ စီမံကိန်းမော်တော်ဆိုင်ကယ် များ၏ အရံပစ္စည်းများမှာ ဒေသတွင်းဝယ်ယူမရရှိ နိုင်သောကြောင့် ကုမ္ပဏီသို့တိုက်ရိုက်မှာယူသုံးစွဲနေရကြောင်း၊ တခါတရံ ကုမ္ပဏီတွင် အရံပစ္စည်းပြတ် နေသည့်အခါ အရံပစ္စည်းများရရှိရန် ကြန့်ကြာမှုများ ရှိနေကြောင်းနှင့် ချို့ယွင်းချက်များရှိသည့်အတွက် ပြည်ထောင်စုအဆင့်သို့ ပြန်လည်ပေးပို့ ထားသည့် Tablet ၃လုံး ပြန်လည် မရရှိသေးကြောင်းတင်ပြထားပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

လူထုဗဟိုပြုစီမံကိန်းရုံးမှ လက်ခံရရှိထားသော Colour Printer မှာ ပျက်နေသောကြောင့် (၁၄.၁၂.၂၀၁၇)ရက်နေ့တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) သို့ ပြန်ပြင်ရန်အတွက် ပေးပို့ ထားပြီးဖြစ်ပါသည်။

**ပင်လည်ဘူးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လက်တော့ (MS Office) Package ကောင်းစွာအလုပ်မလုပ်တော့သဖြင့် (Union) သို့ ပြန်လည်ပေးပို့ရန်စီစဉ်ထား ပါသည်။

**ဗန်းမောက်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းသည် စီမံကိန်းမှ ထောက်ပံ့ပေးသော အသုံး အဆောင်များတွင် Honda 125 ဆိုင်ကယ်အကြီးများသည် ပြန်လည်ပြင်ဆင်ရန် ပစ္စည်းဝယ်ယူ၍ မရရှိသောကြောင့် ပြင်ဆင်ရန် အခက်အခဲ ရှိပါသည်။ မိတ္တူစက်မှာလည်း ချို့ယွင်းသည့်အခါ ပြင်ဆင်ရန် အခက်အခဲရှိပါသည်။ နေပြည်တော်သို့ ပေးပို့ထားသော Tablet (၄)လုံးမှာ (၉)လ ခန့်ကြာမြင့်နေပြီဖြစ်သော်လည်း ပြန်လည်မရရှိသေးပါ။ ဆက်လက်၍ နောက်ထပ် ပျက်စီးသော Tablet (၂) လုံး ထပ်မံပို့ ထားပါသည်။

**ဆီဆိုင်မြို့နယ်**

မိတ္တူကူးစက်ကြီးမှာ ဆေးကုန်သည့်အခါ ထပ်မံဖြည့်သုံးရန်အတွက် ဝယ်ယူရန်ခက်ခဲခြင်း၊ Service ပြုလုပ် ရန်နည်းပညာရှင်ခေါ်ရန် အခက်အခဲများရှိနေ ပါသည်။

**ကော့မှူးမြို့နယ်**

စီမံကိန်းမှထောက်ပံ့ပေးသောအသုံးအဆောင်ပစ္စည်းများသုံးစွဲရာတွင် ယခုအခါစားပွဲ အံဆွဲအချို့ အပိတ် အဖွင့်မရခြင်း၊ သော့များပျက် စီးနေခြင်း၊ ဆိုင်ကယ်အပိုပစ္စည်းများအလွယ်တကူမရရှိခြင်း၊ အရံဆိုင်ကယ်များ ပြင်ရန်ခက်ခဲမှုများရှိခြင်း၊ မိတ္တူကူးစက်များပြင်ဆင်ရန်ခက်ခဲမှုများရှိခြင်း တို့တွေ့ကြုံနေရပါသည်။ ၄င်းအပြင် Tablet (၁၅)လုံးပျက်စီးနေပြီး Union သို့ (၄)လုံး ပေးပို့ထား ပြီးဖြစ်ပါသည်။

**ကျောက်တန်း**

စီမံကိန်းပထမနှစ်စက်ဝန်းတွင် အသုံးပြုခဲ့သောဖိုင်များကို စနစ်တကျသိမ်းဆည်းရန်နှင့် စီမံကိန်း နှစ်စက်ဝန်းအတွက် အသုံးပြုသောဖိုင်များကို စနစ်တကျထားရှိနိုင်ရန်အတွက် ဖိုင်စင်များ၊ ဖိုင်ထည့်သိမ်းရန် အတွက် ပလပ်စတစ်ပုံးများကို ဝယ်ယူသုံးစွဲခွင့်ပေးပါရန် တင်ပြအပ်ပါသည်။

**တနင်္သာရီမြို့နယ်**

သွားလာရခက်ခဲသောမြို့နယ်များအထဲတွင် ပါဝင်ပြီး မိုးရာသီတွင် ရေလမ်းခရီးကိုပြောင်းလဲ အသုံးပြု ရခြင်း၊ ကုန်းလမ်းခရီးဖြင့် သွားလာ နိုင်ပါကလည်း လမ်းဆိုးသောကြောင့် စီမံကိန်းမှ လက်ရှိပံ့ပိုးပေးထားသော ၁၁၀ စီစီ ဆိုင်ကယ်များ နှင့်တစ်ချို့ကျေးရွာများအတွက် အဆင်မပြေပါ။ ထို့ကြောင့် ခရီးကြမ်း အသုံးပြုနိုင်မည့်

မော်တော်ဆိုင်ကယ် (၁၀) စီးခန့် ပံ့ပိုးပေးပါက မိုးရာသီအချိန် ကွင်းဆင်း သွားရောက်ရာတွင် ပိုမိုအဆင်ပြေ နိုင်မည် ဖြစ်ပါသည်။

**(ခ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခက်အခဲ**

**ကြံခင်းမြို့နယ်**

ကျေးရွာ၏ဦးစားပေးလိုအပ်ချက်များ ဆွေးနွေးရာတွင် ရေခက်ခဲမှုကြုံတွေ့နေရသော ကျေးရွာ များ၏ ရေလုံလောက်စွာရရှိရေးဦးစားပေး လုပ်ငန်းများဆွေးနွေးတင်ပြကြသော်လည်း ရေအရင်းအမြစ် ရှားပါးခက်ခဲ သည့် ကျေးရွာများအတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဟန့်အတား အခက်အခဲ များ ကြုံတွေ့နိုင်ပါသည်။

စီမံကိန်း ကျေးရွာ များသိ်ု့ဖြန့်ေဝ သော IEC များ၊ လက်စွဲစာအုပ်များ၊ Vinyl များ မှာ CF, TF များ ကွင်းဆင်းချိန်တွင် သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်များခြင်း၊ အထူးသဖြင့် လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး ေဝးသောနေရာများဖြစ်သည်။

လုပ်ငန်းများထိရောက်စွာအကောင်အထည်ဖော်ဆောင်ရက်နိုင်ရန်၊ စီမံကိန်းလုပ်ငန်းခွဲများ တွက်ချက် စစ်ဆေးမှုကို အချိန်နှင့်အမှီပြီးနိုင်ရန်၊ DRD အင်/ယာမှ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိသော နည်းပညာရှင် အကူအညီများဖြင့် တစ်လလျှင်တစ်ကြိမ် ဆွေးနွေး ညှိနှိုင်းနိုင်ရန် ခရိုင်အဆင့်/ တိုင်းအဆင့်တို့မှ ပံ့ပိုးကူညီရန် လိုအပ်ပါသည်။

ကွင်းဆင်းရာတွင် အသုံးပြုရန် လိုအပ်သော စာရွက်စာတမ်းများ copy ကူးယူမှု နေ့စဉ် လိုအပ်ချက်များရှိ နေပါသည်။

လုပ်ငန်းများ စတင်ဆောင်ရွက်ရန် ရေအရင်းအမြစ်ခက်ခဲသော ကျေးရွာများတွင် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ ဆုံးဖြတ်ချက်များ ပြောင်းခြင်းတို့ကြောင့် လုပ်ငန်း အကောင်အထည်ဖေါ်ရန် နှောင့်နှေးခြင်းများကြုံတွေ့ရပါသည်။

ကျေးရွာတွင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်စဉ်ကာလတလျောက် ဆွေးနွေးညှိနိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာလူထု ပါဝင်ဆွေးနွေးမှု အားနည်းပါသည်။

**သာပေါင်းမြို့နယ်**

လယ်ယာလုပ်ငန်းလုပ်ကိုင်ဆဲကာလဖြစ်နေပါသဖြင့် ကျေးရွာလူထုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ် သည့်အစည်းအဝေး၊ လုပ်ငန်းပူးပေါင်းပါဝင်လုပ်ဆောင်မှု အနည်းငယ်အခက်အခဲ ဖြစ်စေခဲ့သည်မှအပ ထူးခြားသည့် အခက်အခဲမရှိပါ။

**ငပုတောမြို့နယ်**

ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာစီမံခန့်ခွဲမှု အဖွဲ့ဝင်များ စိတ်ဝင်စားမှု အားနည်းခြင်း။ ကဏ္ဍအလိုက် ပူးပေါင်း ပါဝင်လုပ်ဆောင်မှုအားနည်းခြင်း။

ယခုသုံးလပတ်အတွင်း ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွက် စီမံကိန်း လုပ်ငန်းခွဲများ တပြိုင်တည်း နည်းပါး စတင်ဆောင်ရွက်ကြခြင်းကြောင့် လုပ်ငန်းသုံး ပစ္စည်းများဝယ် ရာတွင် အခက်အခဲများရှိခြင်း၊ ကြွံကြာခြင်း။

ဧပြီ နှင့် မေလများတွင် ဆောက်လုပ်ရေးအတွက် အသုံးပြုရန် ရေအခက်အခဲ ရှိလာနိုင်ခြင်း။ ကော်မတီဝင်များ အပြောင်းအလဲများခြင်း။

**မိုးညိုမြို့နယ်**

မိုးညိုမြို့နယ်၊ မြေစာအုပ်စုတွင်းကျေးရွာများတွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်စုအုပ်ချုပ် ရေးမှူး စသည့် အဆင့်ဆင့်အုပ်ချုပ်စီမံရေးယန္တရားမရှိသဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ထမ်းများလုံခြုံရေးအတွက်အထူးဂရုပြုဆောင်ရွက်နေရသည့်အခြေအနေများရှိပါကြောင်းပဲခူးတိုင်းဒေသကြီးလူထုဗဟိုပြုစီမံကိန်း ပေးပို့ခဲ့သည့် ဇန်နဝါရီလ လပတ်အစီရင်ခံစာတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

အခက်အခဲများကြားမှ စီမံကိန်း တတိယ နှစ်စက်ဝန်းအတွက် ပထမအကြိမ်/ဒုတိယအကြိမ် အစည်းအဝေးများကို အောင်မြင်အောင် ဆောင်ရွက်ပြီးစီးနိုင်ခဲ့သော်လည်း နောက်တဆင့် လုပ်ငန်းစဉ်ဖြစ်သော လုပ်ငန်းခွဲများ ရွေးချယ်အဆိုပြုနိုင်ရေးအတွက် အုပ်စုအစည်းအဝေးကို အောင်မြင်အောင် မဆောင်ရွက်နိုင်သေးသောကြောင့် တာဝန်ကျစည်းရုံးရေးမှူးမှလည်း အဆိုပါကျေးရွာများအား အုပ်စုအစည်းအဝေးအတွက် ဖိတ်ကြားရာတွင် ကြိုတင်ညှိနှိုင်း အစည်းအဝေးများ ပြုလုပ်ခြင်း၊ ဖိတ်ကြားစာများ အိမ်တိုင်းစေ့ဖြန့်ဝေပေးခြင်းတို့ဖြင့် စနစ်တကျဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပသည့်နေ့များတွင် လူစုံအောင် မတက်ရောက် ကြခြင်း၊ တက်ရောက်ပါသော်လည်း အကြောင်းအရာအမျိုးမျိုးဖြင့် ညှိနှိုင်းရခက်ခဲအောင် ပြုလုပ်နေခြင်းတို့ကြောင့် အုပ်စုအစည်းအဝေးအား အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိမ်ဖန်များစွာဆောင်ရွက်နေပါသော်လည်းအထမမြောက်နိုင်ဖြစ်နေပါ သောကြောင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းစဉ်များအနေဖြင့် များစွာကြန့်ကြာမှုများ ရှိနေနိုင်ပါသည်။

**ကျောက်ကြီးမြို့နယ်**

စီမံကိန်းလုပ်ငန်းခွဲများအတွက် လိုအပ်သော လမ်းကြိတ်စက်(ငှားရမ်းခြင်းမျိုး) ၊ သဲ၊ ကျောက်၊ ဂဝံများသည်လိုအပ်သည့်အချိန်တိုင်းဝယ်ယူ၍မရခြင်းများလည်းရှိနေသည့်အတွက် လုပ်ငန်းများအချိန်မှီ ပြီးစီးနိုင်ရေးတွင်လည်း အခက်အခဲများရှိနေရပါသည်။

နည်းပညာအကြံပေး အဖွဲ့မှ (M&E Officer and TTA Team Leader) နေရာများတွင် လစ်လပ်နေသဖြင့် စီမံကိန်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာနှင့် PC များ upload တင်ရာတွင် နှောင့်နှေး ကြံ့ကြာမှုရှိနေပါသည်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်ရှိ ပြန်တမ်းများ၊ reportများအား တောင်းခံရာတွင်လည်း အချိန်နည်းကပ်စွာ တောင်းခံရာတွင်လည်း အခက်အခဲများရှိနေပါသည်။

**ပန်းတောင်းမြို့နယ်**

ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများ၊ ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်မှု အားနည်းခြင်းအတွက် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

**မတူပီမြို့နယ်**

အစီရင်ခံကာလအတွင်း လုပ်ငန်းများ အကောင်ထည်ဖေါ်ရာတွင် စက်ကြီး (လမ်းတူးစက်) ငှားရမ်းမှုအချိန်မီမရခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ ပြတ်လပ်ခြင်း (ဘိလပ်မြေ၊ ရေပိုက်)၊ မြေရှင်များသည် မြေယာလှူဒါန်းမှုများတွင် စိတ်ထား ပြောင်းလဲ ပြီး ပြန်လည်ညှိနှိုင်းဆောင်ရွက်နေရခြင်း၊ စီမံကိန်းလုပ်ငန်းခွဲများ ပြောင်းလဲခြင်း (မြေနေရာအခက်အခဲကြောင့်)၊ အိမ်ခြေနည်းသည့်၊ မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာများ ရှိ ကော်မတီဝင်များသည် ဘာသာစကားအခက်အခဲများ၊ နောက်ခံပညာရေးအားနည်းမှုများ၊ ပြည်ပအကူအညီများပေါ် မှီခိုအားထားလွန်းနေရခြင်း၊ လူတစ်ဦးတစ်ယောက်၏ လွှမ်းမိုးမှုများနှင့် လူတစ်ဦးတည်းပေါ် မှီခိုအားထားလွန်းနေကြခြင်းစသည့် အကြောင်း ရင်းများကြောင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာ ကျေးရွာအဆင့်ဝယ်ယူ ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောက်ကျနေခြင်းကြောင့် လုပ်ငန်းခွဲ (၁၂) ခုမှာ နောက်ကျနေပါသည်။

၎င်းအခက်အခဲများကျော်ဖြတ်နိုင်ရန်စီမံကိန်းဝန်ထမ်းများမှ စီမံကိန်းကော်မတီဝင်များ အား တစ်ဦးချင်းစီ သော်လည်းကောင်း၊ကော်မ်တီတစ်ခုချင်းစီ အလိုက်သော်လည်းကောင်း ကွင်းဆင်း သည့်အကြိမ်တိုင်းတွင် သင်ကြားပြသမှုများ လုပ်ဆောင်ပေးခြင်းအားဖြင့် ၎င်းတို့၏ အသိပညာဗဟုသုတများ တိုးတက်လာစေရန် ကူညီဆောင်ရွက်လျက်ရှိပါသည်။

မြေယာလှူဒါန်းမှုအပိုင်းတွင်မြေရှင်များနှင့်ညှိနှိုင်းမှုများတွင် လူမျိုးနွယ်စု ပြဿနာ များပါဝင်လာတတ်ခြင်းကြောင့် အထူးဂရုစိုက်ပြီးဆောင်ရွက်နေရခြင်း၊ အစည်းအဝေးသို့

တက်ရောက်ရန် ပျက်ကွက်ကြခြင်း၊ နောက်ထပ်တစ်ကြိမ် ရက်ချိန်းများ ထပ်မံသတ်မှတ်ရခြင်းစသည့် အကြောင်းရင်းများကြောင့် ဝေဖန်အကြံပြုတိုင်ကြားချက်များ ဖြေရှင်းရာတွင် ကြံ့ကြာနေပါသည်။

**လွိုင်ကော်၊ရှားတောမြို့နယ်**

ရှားတောမြို့နယ်တွင်ကနဦးတွင် ကျေးရွာ(၆)ရွာသာ ဆောင်ရွက်ရန်စီစဉ်ပြီး ဆောင်ရွက်ရာ ဒေါမူလဲကျေးရွာတွင် ဆိုင်ကယ်မြေသားလမ်းများခင်းရာ (၅၂၈၀) ပေသာ ရောက်ရှိပြီး ငွေကြေးအားဖြင့် ကျပ်သိန်း(၃၀) သုံးထားပြီး KNPPမှ ဆက်လက်ဆောင်ရွက် ခွင့်မပြုသည့်အတွက် ၄င်းလုပ်ငန်းအား ပိတ်သိမ်း ခဲ့ရပါသည်။

၄င်းလုပ်ငန်းအစား ရှားတောမြို့နယ်၊ မြောက်ပိုင်းအုပ်စု ပွန်ချောင်ကျေးရွာမှ လူငယ်ရိပ်သာနှင့် ခြံစည်းရိုးအား ပြန်လည်ရွေးချယ် လုပ်ကိုင်ရသည့် အတွက် သတ်မှတ်ထားသည့်ကာလတွင် ပြီးစီးနိုင်မှုအားနည်းနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အစိုးရလုပ်ငန်းများနှင့် တိုက်ဆိုင်သည့်အတွက် ကျောက်ချောလမ်း (၁၉)ခုမှာ လမ်းကြိတ်စက် မရရှိသည့် အတွက် လုပ်ငန်းများနှောက်နှေး စောင့်ဆိုင်းခဲ့ရပါသည်။

အဆောက်အဦးပိုင်းတွင်လည်း သစ်များဝယ်ယူရာတွင် လိုအပ်သလို မရ နိုင်ခြင်း၊ ရှားပါးခြင်းတို့ကြောင့် အချို့လုပ်ငန်းများသည် အချိန်မှီပြီးစီးနိုင်မှု အားနည်းခဲ့ ရပါသည်။

ကျွမ်းကျင်လုပ်သား ရှားပါးခြင်း၊ လုပ်ငန်းခွင်တွင် အမျိုးသမီးများသာ ရောက်ရှိသောကြောင့် လုပ်ငန်းမတွင်ကျယ်ခြင်း၊ ကျေးရွာတွင် ပွဲလမ်း သဘင်များခြင်းကြောင့် အချို့လုပ်ငန်းများနှောက်နှေးခဲ့ရပါသည်။

**ဒီမော့ဆိုမြို့နယ်**

တတိယနှစ်စက်ဝန်း ဒီးမော့ဆို မြို့နယ် ၌ 3rd cycle စတင်ခြင်းလုပ်ငန်းစဉ် များကို ၂၀၁၇ ခု၊ အောက်တိုဘာလမှ စတင်ခဲ့သည်။ မိုးတွင်းကာလမရောက်ခင် လုပ်ငန်းများ ကို စတင်ဆောင်ရွက်နိုင်သော်လည်း လုပ်ငန်းအကောင် အထည်ဖော်ချိန် ကာလဖြစ်သော ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများတွင်လည်း ရက်ရှည် ကျင်းပသောဘာသာရေးပွဲတော်၊ ရိုးရာပွဲတော်များကြောင့်လည်းလုပ်ငန်း နှောင့်နှေးမှုများကိုဖြစ် ပေါ်စေသည့် စိန်ခေါ်မှုများ နှင့်ကြုံတွေ့ ရပါသည်။ လုပ်ငန်းလုပ်ဆောင်စဉ်အတွင်း စက်ယန္တရား ငှါးရမ်းရန်ခက်ခဲခြင်း၊ မလုံလောက်ခြင်း၊

Skill Labour များ မြို့နယ်တွင် လုံလောက်စွာမရခြင်း၊ အခြားဒေသမှ ငှါးရမ်းရသောကြောင့် စရိတ်စကကြီးမြင့်ခြင်းတို့ကြုံတွေ့ရသည်။ ၂၀၁၈ ခု၊ ဇန်နဝါရီလမှ မတ်လအတွင်း CF/ TF ဝန်ထမ်း (၂)ဦး အပြောင်းအလဲရှိသည်။

**ဖရူဆိုမြို့နယ်**

တော်ခူကျေးရွာအုပ်စု၊ ဒိုးလာစောကျေးရွာအုပ်စု၊ သိုသီးဖိုကျေးရွာအုပ်စုနှင့် ကေကောကျေးရွာ အုပ်စုများသည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် KNPPမှ ကန့်သတ်ထားသဖြင့် လုပ်ငန်းများမစတင်နိုင်သောကြောင့် နှောင့်နှေးခဲ့ပါသည်။

ဆက်သွယ်ရေးအနေဖြင့် မြို့နယ်၏ (၈၀%)ခန့်ဖုန်းလိုင်းမမိခြင်း၊ လိုင်းကားများတပတ်လျှင်(၁) ကြိမ်ခန့်သာရှိခြင်း၊ လူကြုံနည်းပါးခြင်း။ လူထုစည်းရုံးရေးမှူးနှင့် နည်းပညာမှူးများ ခရီးထွက်လျှင် ဆက်သွယ်ရန် ခက်ခဲခြင်း။

ဘာသာစကားအခက်အခဲ(ကျေးရွာအုပ်စုတစ်ခုတည်းတွင် ဘာသာစကား (၂) မျိုး/(၃)မျိုး ပြောဆိုခြင်း၊ တစ်ရွာနှင့်တစ်ရွာ ဘာသာစကားမတူခြင်း)။

တချို့ပစ္စည်းများမှာ စျေးဆိုင်ရှားပါးခြင်း၊ လွိုင်ကော်မြို့တွင် သာဝယ်ယူ ရခြင်း သယ်ယူပို့ဆောင်ရေးခက်ခဲခြင်း။

လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် အလုမ်းဝေးကွာမှုကြောင့် ကျေးရွာ ငွေစာရင်းကိုင်နှင့် ကျေးရွာအုပ်စုဘဏ္ဍာရေးကော်မတီတို့ ချိတ်ဆက်မှု အားနည်းခြင်း။

**ဖားဆောင်းမြို့နယ်**

ဒုတိယနှစ်စက်ဝန်း စီမံကိန်းပြန်လည်ကောင်အထည်ဖော်ရာတွင် မော်ချီးဒေသရှိတိုင်းရင်းသား လက်နက်ကိုင် ကရင်နီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNPP) ထိန်းချုပ်ရာနယ်မြေတွင် ဒီဇင်ဘာလ(၂၀)ရက်နေ့ နောက်ပိုင်း ကျေးရွာ များသို့ဝင်ရောက်ဆောင်ရွက်ခွင့်မပြုသောကြောင့် လက်ရှိအချိန်ထိစီမံ ကိန်းလုပ်ငန်းခွဲ(၁၆)ခုကို မစတင်နိုင်ဘဲစောင့်ဆိုင်းနေရပါသည်။ အချို့သောကျေးရွာများတွင် စီမံကိန်းအပေါ်ယုံကြည်မှုအားနည်းခြင်း၊ (မော်ချီးဒေသ)၊ ကျေးရွာလူဦးရေ နည်းပါးခြင်းကြောင့် စီမံကိန်း အကောင် အထည်ဖော်ရာတွင် အားလုံးမပါဝင်နိုင်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းခြင်း၊ စိတ်ဝင်စားမှု အားနည်းခြင်းများစသည့်အခက်အခဲများ ကြုံတွေ့ရပါသည်။ မော်ချီးဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲ ခြင်း နှင့် ဖုန်းဆက်သွယ်ရေးမရရှိခြင်းတို့ကြောင့်ဝန်ထမ်းများသွားလာ ရာတွင် အလွန်အန္တရာယ်များပြားခြင်း၊ လုံခြုံမှုမရှိခြင်း စသောအခက် အခဲများရှိပါသည်။

အချို့သောကျေးရွာများတွင်မူ ကျေးရွာလူထုမှစီမံကိန်းလုပ်ငန်းခွဲကို မိမိကိုယ်တိုင် အကောင်အထည်ဖော် ရာတွင်ကျွမ်းကျင်မှုအား နည်းခြင်းကြောင့်သတ်မှတ်ထားသော စီမံကိန်းလုပ်ငန်းခွဲပြီးချိန်အတိုင်း မပြီးသောကြောင့် အနည်းငယ်နောက်ကျမှပြီးစီးခြင်း၊ အရည်အသွေးပိုင်းတွင်လည်း အနည်း ငယ်လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

ကျောက်ချောလမ်းလုပ်ဆောင်သောစီမံကိန်းလုပ်ငန်းများသည်လည်း စက်ယန္တရားငှားရမ်း သည့်အပိုင်းတွင် အခက်အခဲများ ကြုံတွေ့ခြင်း၊ ငှားရမ်းစရိတ်များနေခြင်းနှင့်လည်း ကြုံတွေ့ရပါသည်။

**ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်**

မြို့ငယ်လေးသာဖြစ်ခြင်းကြောင့် စီမံကိန်းလုပ်ငန်းခွဲအတွက်လိုအပ်သော ဆောက်လုပ်ရေး ပစ္စည်း များဝယ်ယူရာတွင်အခက်အခဲရှိခြင်း၊လွိုင်ကော်မြို့တွင်သာများသောအား ဖြင့်ဝယ်ယူ ရခြင်းကြောင့် ကုန်ကျစရိတ်ပိုမိုများပြားခြင်း၊ ကော်မတီများ အချိန်ပိုပေးရခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ဝေးကွာသောကြောင့် သယ် ယူစရိတ်များ များပြားခြင်းနှင့် ကြုံတွေ့ရပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

တစ်ချို့ကျေးရွာများတွင် လမ်းကြိတ်စက် မြေတူစက်များ ရှားပါးသဖြင့် အလှည့်ကျသုံး စွဲနေရသဖြင့် စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော် ပြီးစီးရန် ကြန့်ကြာခဲ့ပါသည်။

**ငါန်းဇွန်မြို့နယ်**

TF ဝန်ထမ်းများအပြောင်းအလဲနှင့် လျှပ်စစ်ရုံးမှ မီးလင်းရေးလုပ်ငန်းခွဲများအတွက် estimate တွက်ချက်မှု ထောက်ခံရန်စောင့်ဆိုင်းခဲ့ရသဖြင့် လုပ်ငန်းများနှောင့်နှေးခဲ့ရ ပါသည်။

**ညောင်ဦးမြို့နယ်**

M&E/MIS Form ပုံစံများ ပြောင်းလဲမှုနောက်ကျခြင်း၊လုပ်ငန်းပြီးသော်လည်း Social Audit လုပ်မရ ကြန့်ကြာခြင်း များရှိပါသည်။

**ရမည်းသင်းမြို့နယ်**

ဒုတိယနှစ်စက်ဝန်းသည် လမ်းလုပ်ငန်းခွဲများ များသဖြင့် ပထမနှစ် စက်ဝန်းကဲ့သို့ လမ်းကြိတ်စက် အခက်အခဲဖြစ်မည်ကိုစိုးရိမ်ရပါသည်။ကျေးရွာကော်မတီဝင်အပြောင်းအလဲများရှိပါသည်။ကျေး ရွာအစည်းအဝေး ခေါ်ရာတွင်လုပ်ငန်းချိန်ဖြစ်နေသဖြင့် အကြိမ်ကြိမ်ချိန်းပြီးမှ ဆောင်ရွက်ခဲ့ရပါသည်။

**ပျော်ဘွယ်မြို့နယ်**

ကျေးရွာတွင်းလမ်းဆောင်ရွက်ရန်လမ်းစုစုပေါင်း(၁၅၇)ခု ရှိပြီးလမ်းများတစ်ပြိုင်နက် တည်း ဆောင်ရွက် ကြသဖြင့် လမ်းကြိတ်စက် မလုံလောက်သည့်အခက်အခဲ ကြုံတွေ့ ရပါသည်။တစ်မြို့နယ်လုံး အတိုင်းအတာအရ လမ်းကြိတ်စက်(၈)စီးဖြင့် အုပ်စုပြတ် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်လျှက်ရှိပါသည်။

မီးလင်းရေးလုပ်ငန်း(၁၈)ခုရှိပါသည်။ကျေးရွာများမှမီးလင်းရေးလုပ်ငန်းများကိုသာအဓိက ဦးစားပေး တောင်းဆိုကြပြီးမီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် စီမံကိန်းစက်ဝန်း အတွင်း မီးအလင်းပြနိုင်ရေး ဆောင်ရွက်ရမှု အခက်အခဲများ ရှိပါသည်။

ကျေးရွာများမှ စီမံကိန်းလုပ်ငန်းခွဲများ အပြောင်းအလဲများကြောင့်လည်းကောင်း၊ ကျေးရွာတွင်းလမ်းများ ဆောင်ရွက်ရာတွင် မြေယာလှူဒါန်းမှု အားနည်းခြင်းကြောင့် လည်းကောင်း လုပ်ငန်း ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာမှုအခက်အခဲများ ဖြစ်ရ ပါသည်။

**နွားထိုးကြီးမြို့နယ်**

မြဝတီကျေးရွာကော်မတီ ဖြည့်စွက်ရွေးချယ်ရာ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများကြောင့် အစည်းအဝေး ဒုတိယအကြိမ် ကျင်းပ၍ မြို့နယ်တာဝန်ရှိသူများပါ လိုက်ပါကြီးကြပ် ဆောင်ရွက်ခဲ့ရခြင်း။

ထနောင်းပင်လဲကျေးရွာ စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်အတည်ပြုမှု အစည်းအဝေးတွင် ညှိနှိုင်းရရှိမှုအခက်အခဲကြောင့်ဒုတိယအကြိမ်ပြန်လည်ကျင်းပရခြင်း။

**မင်းတုန်းမြို့နယ်**

တင်ပြထားသည်မှာ စီမံကိန်းကျေးရွာတစ်ရွာ သည် ကျေးရွာတွင်းလူမှုရေးအခက်ခဲနှင့် အုပ်စုများကြား အားပြိုင်မှုများကြောင့် စီမံကိန်းလုပ်ငန်းခွဲအား ယခုချိန်ထိ မဖော်ထုတ်နိုင် သေးခြင်း။ ကျေးရွာမီးလင်းရေးလုပ်ငန်းသည်လည်းမြို့နယ်တွင်ကျွမ်းကျင်ပညာရှင်အနေဖြင့် မြို့နယ်လျှပ်စစ်ဌာနတစ်ခုတည်း သာရှိပြီး မိခင်ဌာန၏လုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်နေရ သောကြောင့် ကျေးရွာမီးလင်းရေးလုပ်ငန်းအနေဖြင့် လုပ်ငန်း ပြီးစီးမှု နှောင့်နှေးကြန့်ကြာခြင်း၊ Ferrocement တည်ဆောက် ရာတွင်လည်း မြို့နယ်အတွင်းတွင် ကျွမ်းကျင်ပညာရှင်မရှိ၍ အခြား ဒေသများမှခေါ်ယူရခြင်းကြောင့် လုပ်အားခဈေးကြီးသည့်အပြင် လိုအပ်သလောက် ပညာရှင်အဖွဲ့မရရှိသည့်အတွက် လုပ်ငန်း နှောင့်နှေး ကြန့်ကြာခြင်းများ ကြုံတွေ့နေရကြောင်းတင်ပြ ထားပါသည်။

**ပေါက်မြို့နယ်**

ကျေးရွာအုပ်စုများ၏ လူဦးရေအပြောင်းအလဲ ဖြစ်ပေါ်ခြင်းကြောင့် ရန်ပုံငွေအပြောင်းအလဲ ဖြစ်ပေါ်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အမည်မပေါက်သောကျေးရွာ များ များပြားခြင်းတို့ကြောင့် ရန်ပုံငွေခွဲဝေရာတွင် အဆင်မပြေမှု များဖြစ်ပေါ်ခြင်း၊ ဝန်ထမ်းများနှုတ်ထွက်ခြင်း၊ ကျေးရွာလူထု အချို့၏ ဝေဖန်အကြံပြုတိုင်ကြားချက်များကြောင့် စီမံကိန်း လုပ်ငန်းခွဲများယာယီရပ်ဆိုင်းရခြင်း၊

လုပ်ငန်းခွဲများ ပြန်လည် ရွေးချယ်ရခြင်းတို့ကြောင့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက် ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (VDP) များနှင့် လုပ်ငန်းခွဲများအကောင်အထည်ဖော်နိုင်ရန်အတွက် ကျေးရွာများသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းတရာဝင်းအမည် မပေါက် သေးသည့် ကျေးရွာ၊ တောတဲတိုက်များ၊ အိမ်စုများ များစွာ တည်ရှိနေခြင်းကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင်ခက်ခဲခြင်း၊ ကျေးရွာလူထုအား စည်းရုံးလှုံ့ဆော်ရာတွင်ခက်ခဲခြင်း၊ သွားလာရေး ခက်ခဲခြင်း၊ ကျေးရွာများတွင် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ကျေးရွာအပိုင်း ကွဲခြင်းများရှိခြင်းကြောင့် အစည်းအဝေးပြုလုပ်ပြီး ရန်ပုံငွေခွဲဝေရာတွင်ခက်ခဲခြင်းများ ကြုံတွေ့ရပါသည်။

စီမံကိန်းလုပ်ငန်း ခွဲများ အကောင်အထည်ဖော်ရာတွင် လုပ်ငန်းသုံး စက်ယန္တရားများ မရရှိခြင်း(အချိန်ကြာမြင့်မှရရှိခြင်း)၊ ဒေသဈေးနှုန်းများ မြင့်တက် လာခြင်း၊ လုပ်ငန်းများတပြိုင်တည်း ဆောင်ရွက်သည့်အတွက် လုပ်ငန်းသုံးပစ္စည်းများ ရရှိရန်ခက်ခဲခြင်း၊ ပစ္စည်းများ ပြတ်တောက် သွားခြင်းကြောင့် စောင့်ဆိုင်းရခြင်း (ဥပမာ-ကျောက်၊ ကွန်ကရစ် မီးတိုင်စသည့်)တို့ ကြုံတွေ့ရပါသည်။

ပေါက်မြို့နယ်ရှိ မြန်မာ့ စီပွားရေးဘဏ်မှလည်း ၂၀၁၈ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ ဧပြီလ(၂)ရက်နေ့အထိ စီမံကိန်းလုပ်ငန်းသုံးငွေကြေးများ ထုတ်ယူခွင့်မရှိသဖြင့်(ဘဏ်တွင်ငွေပြတ်သွား၍) စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် နှောင့်နှေးစေပါသည်။ ပေါက်မြို့နယ်တွင် ရေနံမြေနယ်မြေအတွင်းရှိ ကျေးရွာများမှ ကော်မတီများသည် စီမံကိန်းလုပ်ငန်းအပေါ် အချိန်ပေးနိုင်မှု အားနည်းသောကြောင့် စီမံကိန်းလုပ်ငန်းခွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက် အခဲများရှိခဲ့ပါသည်။

ငင်းနယ်မြေအတွင်းရှိ ကျေးရွာသူ/သားများ သည်လည်း ရေနံမြေတွင်သာ လုပ်အားခပိုမိုရရှိသောကြောင့် စီမံကိန်းလုပ်ငန်းခွဲတွင် ဝင်ရောက်လုပ်ကိုင်လိုခြင်း မရှိသဖြင့် လုပ်သားရှားပါးမှု ပြဿနာ ကြုံတွေ့ခဲ့ရပါသည်။ လုပ်သားရှားပါးမှု၊ တာဝန်ယူ လုပ်ဆောင်လိုစိတ် နည်းပါးမှုတို့ကြောင့် စီမံကိန်း လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် သတ်မှတ်ထားသည့် အချိန်ထက် အချိန်ကြာမြင့်စွာ ဆောင်ရွက်ခဲ့ရပါသည်။

**ထီးလင်းမြို့နယ်**

လမ်းကြိတ်စက်ရှားပါးခြင်းကြောင့် လုပ်ငန်းများ အချိန်မီ ပြီးစီးရန် ခက်ခဲကြောင်း တင်ပြထားပါသည်။

**ဆောမြို့နယ်**

စီမံကိန်းဒုတိယနှစ်စက်ဝိုင်းတွင် ကော်မတီဝင်များ ပြောင်းလဲသွားခြင်းကြောင့် စီမံကိန်းလုပ်ငန်းစဉ်များအား အသစ်ပြန်လည်ရှင်းပြရခြင်း၊ ကျေးရွာတွင် အစည်းအဝေးများခေါ်ဆိုရာ၌ စပါးရိတ်သိမ်းချိန်နှင့် ကြုံတွေ့ရခြင်းကြောင့် ညအားလပ်ချိန်တွင် ပြုလုပ်ရသဖြင့် ဝန်ထမ်းများအခက်အခဲရှိခြင်း၊ ကော်မတီများ ပြောင်းလဲသွားသဖြင့် အုပ်စုဘဏ်စာရင်း ပြောင်းလဲ ရာတွင် ဘဏ်မန်နေဂျာအသစ်ပြောင်းလဲသွားခြင်းကြောင့် လုပ်ထုံးလုပ်နည်း ပြောင်းလဲသွားသဖြင့် အချိန်ကြန့်ကြာမှုများရှိခြင်း၊ မီးလင်းရေး စီမံချက်များအား နေပြည်တော်အဆင့်မှ ခွင့် ပြုချက်မရရှိသေးသဖြင့် မီးလင်းရေး လုပ်ငန်းများအား မစနိုင်သေးခြင်း၊ ယခုအချိန်တွင် ရာသီဥတုဖောက်ပြန်ပြီး အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ကျေးရွာအဆင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်သတ်မှတ်ချိန်အတွင်း မပြီးစီးနိုင်ခြင်းတို့ ကြုံတွေ့ရကြောင်း တင်ပြထားပါသည်။

**ပင်လည်ဘူးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးသည် ယခင်နှစ်များ၏ အတွေ့အကြုံများ အရ စက်ယန္တား ရာငှားရမ်းမှုအပိုင်းတွင် ဖြစ်သင့်သောဈေးနှုန်းထက် များပြားနေသည်ကို တွေ့ရပါသည်။ သို့ဖြစ်ပါသဖြင့် စက်ယန္တရားပိုင်ရှင်များ၊ သက်ဆိုင်ရာကော်မတီဝင်များ ဈေးနှုန်းညှိနှိုင်းအစည်းအဝေးကို နှစ်ကြိမ် ပြုလုပ် ခဲ့ပါသည်။ ကော်မတီဝင်များနှင့် စက်ယန္တရားပိုင်ရှင်များ ညှိနှိုင်းချက်အရ လမ်းကြိတ်စက်ဈေးနှုန်းမှာ ယခင်နှစ် (၃၅၀၀၀၀) ကျပ်ခန့် မှ (၁၆၀၀၀၀)ထိ လျော့ကျသွားခဲ့ပါသည်။

ဘက်ဟိုးပိုင်ရှင် (၃)ဦး အစည်းအဝေးတက်ရောက်ခဲ့သော်လည်းတစ်ဦးသာလျှင် ကော်မတီများနှင့် ညှိနှိုင်းသဘောတူညီမှု ရယူခဲ့ ပါသည်။ ဈေးနှုန်းသက်သာသွားသော်လည်း လုပ်ငန်းလိုအပ်သော ကျေးရွာများရက်ထပ်နေသည့်အခါတွင် အခက်အခဲအနည်းငယ်ကြုံတွေ့ခဲ့ရပါသည်။ သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းဆောင် ရွက်ရန် စီစဉ်ထားပါသည်။

**ဗန်းမောက်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးသည် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက် နေ စဉ်တွင် ကြီးကြီးမားမား အခက်အခဲများအား ရင်ဆိုင်ရခြင်းမရှိပါ။ အကောင် အထည်ဖော်ရာတွင် တစ်ခါ တစ်ရံ သစ်ဝယ်ယူရာတွင်လည်းကောင်း၊ ဘိလပ်မြေဝယ်ယူရာ တွင်လည်းကောင်း၊ ပညာရှင်မရှိ၍ ပညာရှင် ရှာရာတွင်လည်းကောင်း အခက်အခဲအနည်း ငယ်ရှိခဲ့ပါသည်။

**မြောင်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးသည် စက်ယန္တယား (လမ်းကြိတ်စက်) ငှားရမ်းမှုခက်ခဲ၍ လုပ်ငန်းများ အချိန်နောက်ကျခြင်းရှိခဲ့ပါသည်။ အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲ အစည်းအဝေးများကြောင့် လုပ်ငန်းစတင်ရန် အကောင်အထည်ဖော်ရက်များ ရွှေ့ဆိုင်းပေးရသဖြင့် လုပ်ငန်းများနှောင့်နှေးခြင်းများရှိခဲ့ပါ သည်။

Supplier များမှ စာချုပ်ပါစည်းကမ်းများအတိုင်း လိုက်နာနိုင်မှုအားနည်းပြီး ပစ္စည်းပေးပို့ရမည့်ရက် တွင် ကျေးရွာများအား ခွဲပို့နေသဖြင့် အကောင်အထည်ဖော်မှု နောက်ကျခြင်းများ ရှိခဲ့ပါသည်။

ဒုတိယနှစ်စီမံ ကိန်းစက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သော ကင်းကျေးရွာတွင် မီးလင်းရေးလုပ်ငန်းမှာ မီးလင်း နိုင်ခြင်းမရှိဘဲ ကြန့်ကြာမှုကြောင့် တတိယနှစ်စီမံကိန်းစက်ဝန်းတွင် ကင်းကျေးရွာအတွက် စီမံကိန်းလုပ်ငန်းခွဲ တစ်ခု အကောင်အထည်ဖော်ချိန် နောက်ကျခဲ့ရပါသည်။

**နမ့်ဆန်မြို့နယ်**

နယ်မြေလုံခြုံမှုမရှိသည့်အတွက်ကျေးရွာများတွင်အစည်းအဝေးပြုလုပ်ရန်ခက်ခဲခြင်း၊ အစည်းအဝေး တက်ရောက်သူဦးရေမပြည့်မီသဖြင့် လူထုစစ်ဆေးပွဲပြုလုပ်ရန် နှောင့်နှေးကြန့်ကြာခြင်း၊ ဒေသစီးပွားရေးအဆင်မပြေမှုကြောင့် ပြည်ပသို့လုပ်သားများသွားရောက်၍ အလုပ်လုပ်မှု များပြားနေပါသဖြင့် လုပ်ငန်းခွဲများ အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန်အတွက် ကျွမ်းကျင်လုပ်သား၊ ရိုးရိုးလုပ်သားများ ရှားပါးခြင်းအခက်အခဲများတွေ့ကြုံရပါ သည်။

**ဆီဆိုင်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသည့် အတွက်နေ့စဉ် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် မီးစက်ကိုသာအသုံးပြုနေရသည့်အတွက် အခက်အခဲရှိ ပါသည်။

**ကော့မှူး**

ကျေးရွာအစည်းအဝေးပွဲများ၊ လူထုစစ်ဆေးပွဲများပြုလုပ်ရာတွင် ကျေးရွာလူထုမှ အလုပ်မအားသည့် အတွက်ငှင်း၊ အလှူအတန်းများနှင့် တိုက်ဆိုင်သည့်အတွက်ငှင်း ၅၀% ပြည့်မှီရန်ခက်ခဲပြီး မကြာခဏအစည်းအဝေးပွဲများ ရွှေ့ဆိုင်းခဲ့ရပါ သည်။

လည်ပတ်ထိန်းသိမ်းရံပုံငွေကောက်ခံရာတွင် အခက်အခဲရှိခြင်း၊ ကျေးရွာလူထုမှ ထည့်ဝင်မှု အားနည်းခြင်း၊ တာဝန် ယူကောက်ခံမည့်သူမှအတိအကျတာဝန်မယူ ခြင်း။

ကော်မတီဝင်များမှ အကာအကွယ်ပစ္စည်းအသုံးပြုမှုနှင့်ပါတ်သက်၍ စောင့်ကြည့်မှု အားနည်းခြင်း။

**ကျောက်တန်း**

ပဲခူးချိန်၊ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ချိန်၊ ( ၁၀ )တန်း စာမေးပွဲများ ပြုလုပ်ချိန်နှင့် တိုက်ဆိုင်နေသောကြောင့် လူထုစစ်ဆေးပွဲများနောက်ကျခဲ့ပါသည်။

**ကွမ်းခြံကုန်း**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အမည်မပေါက်သောကျေးရွာများအား စီမံကိန်းမှ ထည့်သွင်းစဥ်းစားပေးသော်လည်း ၎င်းရွာများသည် ကျေးရွာစီ/ထောက်ကော်မတီ သီးသန့် ဖွဲ့ပေးရန် တောင်းဆိုမှုများရှိနေခြင်း။

အစည်းအဝေးခေါ်ဆိုရာတွင် ကျေးရွာ၏လုပ်ငန်းချိန်များနှင့် တိုက်ဆိုင်နေသဖြင့် ညနေခင်း အချိန်နှင့် ညအချိန်များတွင်ပြုလုပ်ပေးရသောကြောင့် ဝန်ထမ်းများ၏လုံခြုံရေးအားစိုးရိမ် ရခြင်း။

ဒုတိယနှစ်စက်ဝန်းစတင်ချိန်သည် ကျေးရွာ၏စိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် တိုက်ဆိုင်နေသောကြောင့် အစည်းအဝေးများနှင့် သင်တန်းများတွင် လူမစုံခြင်းနှင့် လူစုရန်ခက်ခဲခြင်း။

ကျေးရွာအုပ်ချုပ်ရေးမှူးရွေးချယ်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအရ ကျေးရွာများတွင် အပိုင်းများ ကွဲနေခြင်းကြောင့် ကော်မတီများရွေးချယ်ခြင်းနှင့် လုပ်ငန်းရွေးချယ် ဆောင်ရွက်မှု များတွင် အခက်အခဲကြုံတွေ့ရခြင်း။

ဒုတိယနှစ်စက်ဝန်းတွင် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိန် လုံလောက်စွာရှိနေသော်လည်းလုပ်ငန်းများအမြန်ပြီးစီးရန်ဖိအားပေးနေသောကြောင့်လုပ်ငန်း အရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့်လူထု၏စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အခက်အခဲ များစွာ ရှိနေခြင်း။

**ကျောက်ကြီးမြို့နယ်**

ဒုတိယနှစ်စက်ဝန်းတွင် ကျန်ရှိနေသောလုပ်ငန်းခွဲတစ်ခုဖြစ်သည့် အုတ်ခုံခံသံဘောင် တံတား မှာဆောင်ရွက်နေဆဲဖြစ်သောကြောင့် တတိယနှစ်စက်ဝန်းအတွက် အုပ်စု(၁)ခုသာ ရန်ပုံ ငွေတောင်းခံရန်ကျန်ရှိနေပါသည်။

**ဖားဆောင်းမြို့နယ်**

အနေဖြင့် ရန်ပုံငွေတောင်းခံ မှုနှင့်ပတ်သက်၍ အခက်အခဲမရှိပါ။ သို့သော်ရန်ပုံငွေကို ကျေးရွာလူထုမှ ငွေထုတ်ယူပြီးအများဆုံး(၁)ပတ် အတွင်းပြန်လည်ပြီးဘဏ်သို့သွင်းရန် ဆိုသော အချက်အနေဖြင့် အနည်းငယ် အခက်အခဲရှိပါသည်။ ဖားဆောင်းမြို့ နယ်စီမံကိန်းဒေသသည် ခရီးအလွန်ဝေးကွာခြင်း၊လမ်းအလွန်ခက်ခဲခြင်း ကြောင့်သွားလာစရိတ်နှင့်သွားလာရေး ခက်ခဲခြင်းကြောင့် ကန့်သတ်ထား သောရက်တိုးပေးရန်တင်ပြအပ်ပါသည်။

**ပေါက်မြို့နယ်**

အုပ်စုရံပုံငွေ တောင်းခံ ရာ၌ လူဦးရေအပြောင်းအလဲများရှိမှုကြောင့် အခက်အခဲဖြစ် စေပါသည်။ လူထုဗဟိုပြုစီမံကိန်းမှ မြေပြင်ရှိလူဦးရေစာရင်းဖြင့် ရန်ပုံငွေတောင်းခံခြင်း ဖြစ်သော်လည်း အခြားဌာနများ၏ လူဦးရေစာရင်းဖြင့် စစ်ဆေးရာတွင် ကွာခြားမှုများရှိပါသည်။ သို့ပါဖြစ်ပါ၍ ရန်ပုံငွေတောင်းခံရာတွင် အချိန် ကြာမြင့်မှုများ ဖြစ်ပေါ်စေပါသည်။

**ဆီဆိုင်မြို့နယ်**

ကျေးရွာအုပ်စု(၁၃)အုပ်စုအတွက်လူထုသို့တိုက်ရိုက်ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၁၄၉၀) အား (၂၉.၁၁.၂၀၁၇)မှ(၁.၂.၂၀၁၈)ရက်နေ့အတွင်း နေပြည်တော်(ရုံး ချုပ်)သို့ တောင်းခံနိုင်ခဲ့ပြီး (၈.၁၂.၂၀၁၇) မှ(၆.၂.၂၀၁၈)ရက်နေ့အတွင်း သက်ဆိုင်ရာကျေးရွာ အုပ်စုဘဏ်စာရင်းများသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အခက်အခဲအနေဖြင့် ကျေးရွာအုပ်စု တစ်ခုအါတွက်ရန်ပုံငွေတောင်းခံရာတွင် ကျေးရွာအုပ်စုတစ်ခုလုံးစီမံကိန်းလုပ်ငန်းခွဲများ အပြီး သတ်ပြီးစီးခြင်း၊ အုပ်စုတစ်ခုလုံး၏စီမံကိန်းအပြီးသတ် ဘဏ္ဍာရေးအစီရင်ခံစာများပြီးစီးခြင်း၊ လူထုစစ်ဆေးပွဲများပြီးစီးခြင်း၊ ဘဏ်စာရင်းရှင်းတမ်းများရရှိပြီးခြင်းစသည့် လိုအပ်သော အချက်များပြီးပြည့်စုံအောင်ကြိုတင်ပြုစုရာတွင် ပါလောပါကယ်အုပ်စုတွင်ကျေးရွာပေါင်း(၅၀) ပါဝင်ပြီး ကျေးရွာတစ်ရွာရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းမှာ(၃)ကြိမ်မြောက်နေရာ

ပြောင်းရွှေ့တူးဖော်ခဲ့ရသဖြင့်အခြားကျေးရွာ များတွင်လုပ်ငန်းပြီးစီးခဲ့ သော်လည်း ထိုရွာအားစောင့်ဆိုင်းခဲ့ရသဖြင့်ရန်ပုံငွေတောင်းခံရန် အချိန်ကြန့်ကြာ ခဲ့သည့်အခက်အခဲ

အနည်းငယ်ရှိခဲ့ပါသည်။ သို့ပါသော်လည်း ဘဏ္ဍာရေးနှစ်တစ်နှစ်မကုန်မီ ငွေတောင်းခံရရှိခဲ့ပါသည်။

**ကွမ်းခြံကုန်း**

ကျေးရွာအလိုက်ရန်ပုံငွေခွဲဝေရာတွင် အဓိကခက်ခဲသည့်အကြောင်းအရင်းများမှာရွာကြီးများမှ ရွာငယ်များထက်ရန်ပုံငွေပိုမိုရယူလိုခြင်း၊အုပ်စုအတွင်းကျေးရွာများသင့်မြတ်မှုမရှိခြင်း၊ ပါတီအချင်းချင်း ပြိုင်ဆိုင်မှုများရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျေးရွာလူထုအများစုမှာ လူဦးရေအချိုးအစားအလိုက် ရန်ပုံငွေခွဲပေးရန် တောင်းဆိုမှုများ ရှိနေခြင်း။

**(ဃ) ဝန်ထမ်းဆိုင်ရာအခက်အခဲ**

**လေးမျက်နှာမြို့နယ်**

စတုတ္ထနှစ်စီမံကိန်းဆောင်ရွက်ရာတွင် TTA M&E and MIS Officer နှင့် TTA Social Accountability and Gender Specialist တို့သည် လစ်လပ်နေပြီး ကျန် Counterpart များကသာ ပူးတွဲဆောင်ရွက်နေရပါသည်။

**ကြံခင်းမြို့နယ်**

လက်ရှိဝန်ထမ်းများအား DRDနှင့် စာချုပ်ချုပ်ဆိုရန် ကြန့်ကြာခြင်းနှင့် လစ်လပ်သည့် ဝန်ထမ်းနေရာများ အစားထိုးပြန်လည် ခန့်ထား နိုင်ရန် ကြန့်ကြာခြင်းများရှိသည်။

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်၊လူထုဗဟိုပြုစီမံကိန်းတတိယနှစ်စက်ဝန်းတွင် နည်းပညာအကြံပေးအဖွဲ့များတွင် (M&E,MIS Officer and TTA Team Leader) များလစ်လပ်နေပါသောကြောင့် PC များ Upload တင်ရာနှင့် စီမံကိန်းလုပ်ငန်းခွဲများ အချိန်မီပြီးစီးရေးတွင် အခက်အခဲနှင့် ကြံ့ကြာမှုများရှိနေပါသည်။ လက်ထောက်နည်းပညာမှူး(၁)ဦးလစ်လပ်နေသောကြောင့် ခန့်အပ်ရေးများကို နေပြည်တော် (ရုံးချုပ်)သို့ တင်ပြထားပြီးဖြစ်ပါသည်။

**ပန်းတောင်းမြို့နယ်**

Monthly Work Plan, Weekly Work Plan များရေးဆွဲထားသော်လည်း Plan အတိုင်း ဆောင်ရွက်နိုင်မှုအားနည်းပါသည်။

**တွန်းဇံမြို့နယ်**

လူထုစည်းရုံးရေးမှူး (၁၆) ဦး ခန့်ထားရာတွင်အမျိုးသား(၁၂)ဦး နှင့်အမျိုးသမီး ခန့်ထားမှုမှာ(၄)ဦးသာရှိ၍ အမျိုးသမီးခန့်ထားမှုမှာ (၂၅%) ဖြစ်ပါသည်။

**ဒီးမော့ဆိုမြို့နယ်**

တတိယနှစ်စက်ဝန်း အစတွင် TTA Procurement Officer သည် စာချုပ်သက်တမ်း ကုန်ဆုံးသွားခြင်းကြောင့် DRD Procurement counterpart အား CDD Project တွင် အချိန်ပြည့်ဝန်ထမ်းအဖြစ် သီးသန့်တာဝန် ထမ်းဆောင်စေလိုပါသည်။

**ဖရူဆိုမြို့နယ်**

ကျေးလက်ဝန်ထမ်းများပူးပေါင်းပါဝင်မှုအားနည်းသေးခြင်းနှင့်TTA,DRDအကြားအချင်း ချင်းညှိ နှိုင်းမှုအား နည်းပြီးအပြန်အလှန်နားလည်မှုအားနည်းခြင်းများရှိနေပါသည်။

**ဖားဆောင်းမြို့နယ်**

ဖားဆောင်း၊ ဘောလခဲနှင့် မယ်စဲ့မြို့နယ်သည် အလွန်ဝေးကွာသောကြောင့် စီမံကိန်းဝန် ထမ်းအမျိုးသမီးများအတွက် သွားလာရေးတွင်အနည်းဆုံး(၂)ဦး စီမံကိန်း ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သွားရပါသည်။

ကျေးလက်တွဲဖက် ဝန်ထမ်းများသည် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်သည့်အခါ ပိုမို အားဖြည့်စေလိုပါသည်။ အချို့သောတွဲဖက်ဝန်ထမ်းများသည် စိတ်ဝင်စား မှုအားနည်းသည်ကို တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ် နည်းပညာအကြံပေးအဖွဲ့သည် စာချုပ်သက်တမ်းအားဖြင့် တာဝန်ထမ်း ဆောင်ရသောကြောင့် စီမံကိန်းမပြီးဆုံးမီအလုပ်မှနားရသည့်အခါ စီမံ ကိန်းဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် စီမံကိန်းသဘော တရားနှင့် လုပ်ငန်းများကိုကျွမ်းကျင်စွာ သိရှိနားလည်လုပ်ဆောင်နိုင်မှသာ ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**ညောင်ဦးမြို့နယ်**

လစ်လပ်တင်ပြထားသော CF/TFတစ်ဦးအားအမြန်ခန့်ထားနိုင်ရေး ဆောင်ရွက်ပေးရန်၊ အချို့TTA အပြောင်းအလဲများခြင်း၊အလွှဲအပြောင်းမှတ်တမ်းများ တိကျမှုမရှိခြင်း။

**မင်းတုန်းမြို့နယ်**

ဝန်ထမ်းဆိုင်ရာ အပြောင်းအလဲများ ရှိသော်လည်း အချိန်မီအစားထိုး ခန့်အပ်ဆောင်ရွက်နိုင်မှု အားနည်း ခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်

ဖော်နိုင်ရန် လက်ရှိကျန်ရှိနေသော ဝန်ထမ်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရပါသည်။

**ပေါက်မြို့နယ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘက်မှ ဝန်းထမ်းများသည် ဌာနတာဝန်များအပြင် စီမံကိန်း တာဝန်ပါပူတွဲထမ်းဆောင်ရသည့်အတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ပေးနိုင်မှုအားနည်းစေပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းအင်အားထမ်မံတိုးမြှင့် ခန့်ထားပေးစေလိုပါသည်။ မြို့နယ် အင်ဂျင်နီယာမှာလည်း တစ်ဦးတည်းရှိပြီး (EP) ဖြစ်သည့်အတွက် စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေစဉ်တွင် တွက်ချက်မှုများ စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများတွင် အချိန်ပေးနိုင်မှု နည်းပါးစေပါသည်။ သို့ဖြစ်ပါသောကြောင့် Civil Engineer တစ်ဦး တိုးမြှင့်ခန့်ထားပေးစေလိုပါသည်။

**ဆောမြို့နယ်**

မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ ဝယ်ယူရေး အရာရှိတစ်ဦး လစ်လပ်လျက် ရှိပါသည်။

**ပင်လည်ဘူးမြို့နယ်**

လူထုဗဟိုပြုစီမံကိန်းအနေဖြင့် စီမံကိန်းလုပ်ငန်းစတင်ချိန် နောက်ပိုင်းတွင် TF(၅) ဦး၊CF(၃)ဦး ခန့်ထားခဲ့ပါသည်။ ဝန်ထမ်းအသစ် (၆)ဦးပါသဖြင့် ၎င်းတို့အား အခြားဝန်ထမ်းအဟောင်းများမှ တွဲဘက်တာဝန်ယူ ပံ့ပိုးပေးရပါသည်။TTA များမှလည်း ၎င်းတို့တာဝန်ကျကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စီမံကိန်းပုံစံများ ဖြည့်သွင်းမှုတို့တွင် စစ်ဆေးသင်ကြားပေးရပါသည်။

**ဗန်းမောက်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းအနေဖြင့် နုတ်ထွက်သွားသော TF (၃)ယောက် ခန့်အပ် ရန်အတွက် ဆောင်ရွက်ဆဲဖြစ်ပြီး ဧပြီလတွင် စတင်ခန့်အပ်ရန် ဆောင်ရွက်နေပါသည်။

**မြောင်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းရုံးအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ချိန်တွင် Finance Officer KE နုတ်ထွက်ပြီး DRD CP မှာ မီးဖွားခွင့်ယူထားသဖြင့် စီမံကိန်းလုပ်ငန်းခွဲအတွက် ငွေထုတ်ခြင်း နှင့် လစဉ်ငွေစာရင်းအစီရင်ခံစာအတွက် အခက်အခဲများရှိနေပါသည်။

**ထန်းတပင်**

လက်ထောက်နည်းပညာမှူး ၉ ဦးနုတ်ထွက်သွားခဲ့ပြီး ဖြစ်ပါသည်။ (၃)ဦးအစားထိုး ခန့်အပ်ပြီးဖြစ်သည်။ ကျန်သောလစ်လပ်နေရာ(၆)ခု အတွက် ခန့်ထားရန် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရုံးချုပ် စီမံကိန်းမန်နေဂျာ နှင့် ဝယ်ယူရေး အဖွဲ့သို့ အကြောင်းကြား တောင်းခံနေစဲဖြစ်ပါသည်။

**ကော့မှူး**

DRD မှ Infrastructure Engineer နှင့် Procurement Counterpart ရာထူးအတွက် ဝန်ထမ်းများ လစ်လပ်လျှက် ရှိနေဆဲဖြစ်ပါသည်။

**ကျောက်တန်း**

ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းတွင် Finance Counterpart (၁)ဦး လိုအပ်လျက် ရှိပါသည်။ M&E,MIS Counterpart ကို appointment လုပ်ထားသော်လည်း တာဝန်များကို ထမ်းဆောင်ခြင်းမရှိပါ။ ရန်ကုန်တိုင်းရုံးသို့လည်း တင်ပြပြီးလစ်လပ်နေရာကို အစားထိုး ဝင်ရောက်မည့်သူကိုလည်း တောင်းခံထားသော်လည်း ယနေ့အချိန်အထိ အစားထိုးခန့်ထားခြင်း မရှိကြောင်း တင်ပြအပ်ပါသည်။

**တပ်ကုန်းမြို့နယ်**

လူထုဗဟိုပြု စီမံကိန်း (စတုတ္ထနှစ်) နောက်ဆုံးနှစ်ဖြစ်သည့်အတွက် စီမံကိန်းဝန်ထမ်းများ (TTA,CF,TF) တို့မှာအလုပ်မှနုတ်ထွက်ကြပြီးအခြားလုပ်ငန်းများသို့ ပြောင်းရွှေ့သွားကြသည့် အတွက် ကျန်ရှိနေသည့်ဝန်ထမ်း များအနေဖြင့် အလုပ်တာဝန်များရှိသင့်သည် ထက်ပိုမိုတာဝန်ဆောင်ရွက်နေရသည့်အတွက် မျှော်မှန်းထားသည့်အချိန်ကာလအတွင်း သတ်ထားသည့်အတိုင်းဆောင်ရွက်ပြီးစီးမှု/ စတင်နိုင်မှုမပြုလုပ်နိုင်ခြင်း ဖြစ်ပါသည်။ ယခုအချိန် တွင်လည်းTTA(၂)ဦး၊ TF(၂)ဦးနှင့် CF(၃)ဦးလစ်လပ်လျှက်ရှိပါသည်။ အစားထိုးပြန်လည် ခန့်ထားနိုင်ရန် တင်ပြထားပြီးဖြစ်ပါသည်။ ပျဉ်းမနားမြို့နယ်စီမံကိန်းရုံးအတွက်TTA Team Leader လစ်လပ် လျှက်ရှိပါသည်။ လယ်ဝေးမြို့နယ်တွင် ဝန်ထမ်း ဆိုင်ရာအခက်အခဲမရှိပါ။

**ပလက်ဝမြို့နယ်**

ယခုအချိန်မှာ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ဂွမြို့နယ်များတွင် လူထုဗဟိုပြုစီမံကိန်း စတင်အကောင် အထည်ဖော်လာမည်ဖြစ်သောကြောင့် ပလက်ဝမြို့နယ်အတွက် TF ရရှိနိုင်မည့်အခြေအနေသည် လွန်စွာခက်ခဲနေပါသည်။

**တနသ်ာရီမြို့နယ်**

အကောင်အထည်ဖော်ဆောင်နေသော လူထုဗဟိုပြုစီမံကိန်း တွင် လက်ထောက် နည်းပညာမှူး (၁၅) ဦးရှိရာ ယခုသုံးလပတ်အတွင်းလစဉ် တစ်ဦးသို့မဟုတ် နှစ်ဦးခန့် လိုအပ်လျက်ရှိပါသည်။ KNU မှ ထိန်းချုပ်ထားသော သဘော်ာဦးကျေးရွာအုပ်စု သို့လည်း ကရင်စကားပြောတတ်သော ဝန်ထမ်းများသွားမှသာအဆင်ပြေသောကြောင့် အနည်းငယ်အခက်အခဲအဖြစ်ကြုံတွေ့နေရပါသည်။

(င) **နယ်မြေ/လုံခြုံမှုဆိုင်ရာအခက်အခဲ**

**ကျောက်ကြီးမြို့နယ်**

ကျောက်ကြီးမြို့နယ်တွင်ကျေးရွာအုပ်စု(၃၄)အုပ်စု၊ ကျေးရွာ(၁၃၇)ရွာရှိသည့် အနက် ကျေးရွာအုပ်စု (၂၈)အုပ်စု၊ ကျေးရွာ(၁၂၀)ရွာတွင်သာ စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ခွင့်ရရှိ ခြင်းဖြစ်ပြီး ကျန်ကျေးရွာအုပ်စု(၉)အုပ်စုရှိ ကျေးရွာ(၁၇)ရွာမှာ မြေယာကိစ္စများ၌ သက်ဆိုင်ရာအဖွဲ့ အစည်းများ၏ ခွင့်ပြုချက်များမရခြင်းများကြောင့် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရန်ကျန်ရှိနေ ရခြင်းဖြစ်ပါသည်။

**မိုးကောင်းမြို့နယ်**

လုံခြုံရေးအခက်အခဲရှိသော ကျေးရွာ ၄ ရွာ (လဘာန် ကထောင်၊ နန်ဟိုင်၊ စေတုံ၊ ဆောင်းခါ) အပြင် မိုးကောင်းတနိုင်း ကားလမ်း နှင့် နီးသောကျေးရွာများ (ဆီးဒင်ယံ၊ ကချင်နမ်နွမ်၊ မရမ်ကထောင်) စသည် ကျေးရွာများတွင်လည်း တစ်ခါတစ်ရံ လုံခြုံရေးအခက်အခဲ များရှိခြင်းကြောင့်ယင်း ကျေးရွာများသို့သွားရောက်ရန်ခွင့် မပြုသောကြောင့် လုပ်ငန်းလုပ်ဆောင်ရာ တွင်အခက် အခဲများရှိခဲ့ပါသည်။

၉.၂.၂၀၁၈ ညနေပိုင်း (၅နာရီခန့်)တွင်ဆီးဒင်ယံကျေးရွာ၌လက်နက်ကြီးကျရောက်မှုကြောင့် ၁၀.၂.၂၀၁၈ နေ့တွင် လူထုစစ်ဆေးပွဲပြုလုပ်ရန် ရည်မှန်းထားသော်လည်း ရက်ရွှေ့လိုက်ရခြင်းများရှိခဲ့ပါသည်။ လဘာန်ကထောင်၊ နန့်ဟိုင်၊ စေတုံနှင့် ဆောင်းခါကျေးရွာ များတွင် နှစ်ဖက်လက်နက်ကိုင်တပ်များ ထိတွေ့မှုရှိ သောကြောင့် တစ်ပတ်ခန့်သွားလာခွင့် မရသောကြောင့် လုပ်ငန်းလုပ်ဆောင်ရန် အနည်းငယ်ကြန့်ကြာမှုများရှိခဲ့ပါသည်။

**ဖရူဆိုမြို့နယ်**

တစ်မြို့နယ်လုံးအတိုင်းအတာအနေဖြင့် တော်ခူကျေးရွာအုပ်စု၊ ဒိုးလာစောကျေးရွာအုပ်စု၊ သိုသီးဖိုကျေးရွာအုပ်စုနှင့် ကေကောကျေးရွာ အုပ်စုများသည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် KNPP မှ ကန့်သတ်ထားသဖြင့် တာဝန်ခံစည်းရုံးရေးမှူးများသည် သတိထား သွား

လာနေရပါသည်။ နေ့အချိန် သွားလာရ ခက်ခဲခြင်းမရှိသော်လည်း ညအချိန် သွားလာရေးအတွက်လုံခြုံမှုမရှိသေးပါ။

**ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်**

စီမံကိန်းဧရိယာများသည် နယ်မြေ လုံခြုံမှုဆိုင်ရာ အခက်အခဲ များစွာရှိပါသည်။ လက်နက်ကိုင် အဖွဲ့ အစည်း များမှ ကန့်သတ်ထားသောကျေးရွာအုပ်စု၊ ကျေးရွာများ များပြား ခြင်း၊ အချို့သောဧရိယာများတွင် လက်ကျန်မိုင်းများရှိနေသေးခြင်း၊ ဒေသခံ ကျေးရွာလူထုများမှအပြည့်အဝ ယုံကြည်မှုမရှိသေးခြင်းတို့နှင့် ကြုံတွေ့နေ ရပါသည်။ လက်ရှိတွင် မော်ချီးဒေသကျေးရွာအုပ်စု(၃)အုပ်စုသို့ သွားရောက် ခွင့်မပြုပါ။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

KNU အုပ်ချုပ်မှု လက်အောက်ရှိ ခွာဟေး အုပ်စု ၁ ခု မှာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်မှု မရှိသေးပါ။

**လှိုင်းဘွဲမြို့နယ်**

ရှမ်းရွာသစ်မြို့ရှိ ကျေးရွာအုပ်စု(၉)အုပ်စုတွင် KNU အဖွဲ့မှ ကန့်သတ်ဧရိယာ အဖြစ် သတ်မှတ်ထားပါသောကြောင့် ကွင်းဆင်းဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်နေပါသည်။

**ပျော်ဘွယ်မြို့နယ်**

နယ်မြေအရ လုံခြုံမှုရှိသော်လည်း ဝန်ထမ်းအမျိုးသမီးတစ်ဦးတည်း ရွာဆင်းဆောင်ရွက်ရာ တွင် အခက်အခဲ ရှိပါသည်။အချို့ကျေးရွာများသည် ချောင်ကျ၍ သွားလာရန် အခက်အခဲ ဖြစ်ခြင်း၊ လူမျိုးခြား၊ဘာသာခြားများ နေထိုင်သည့် ကျေးရွာများရှိခြင်းကြောင့် အမျိုးသမီး ဝန်ထမ်းများ ညအိပ်၊ ညနေခရီး အတွက် အခက်အခဲ ဖြစ်စေပါသည်။

**မင်းတုန်းမြို့နယ်**

ခိုးဝင်ဘင်ဂလီများ ရှိနေသည်ဟု သတင်းများရရှိနေခြင်း( ၂၄.၃.၂၀၁၈ တွင် ရေပုဒ်ကျေးရွာ အနီးတွင် တွေ့ရှိခဲ့ပါသည်) အထူးသဖြင့် အမျိုးသမီးဝန်ထမ်းများ တစ်ယောက်တည်းကွင်းဆင်းသွားသည့်အခါ ကဲ့သို့သော အခြေနေများ ကြုံတွေ့ရသော အခက်အခဲများကို ကြိုတင်အသိပေး အစီရင်ခံထားခြင်း ဖြစ်ပါသည်။

**ဗန်းမောက်မြို့နယ်**

လူထုဗဟိုပြုစီမံကိန်းအနေဖြင့် ဗန်းမောက်မြို့နယ်နှင့် ကချင်ပြည်နယ် နယ်စပ်ဒေ သရှိ ကျေးရွာအုပ်စု(၄) အုပ်စုတွင် KIA နှင့် သျှမ်းနီလက်နက်ကိုင်များ ဝင်ရောက်လာသည့် သတင်းရရှိ၍ လုပ်ငန်းဆောင်ရွက်ရန် ခရီးသွားလာခြင်း ခေတ္တရပ်နားခဲ့ရပါသည်။

**နမ့်ဆန်မြို့နယ်**

နယ်မြေမတည်ငြိမ်မှုကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေးဆွဲ ထားသည့်WorkPlan အတိုင်း အချိန်မီမဆောင်ရွက်နိုင်ခြင်း၊ နယ်မြေတည်ငြိမ်မှုပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်နေရခြင်း စသည့် အခက်အခဲများရင်ဆိုင်နေရပါသည်။

**ပလက်ဝမြို့နယ်**

ယခုလက်ရှိအခြေအနေအရ အထက်ကုလားတန် ကျေးရွာများထဲမှတစ်ချို့သည် စစ်ဒါဏ်ကြောင့်နေရပ် စွန့်ခွာထွက်ပြေးနေကြရာမှ ပြန်လည်ရောက်ရှိလာ ကြပြီဖြစ်သော်လည်း ထိုဒေသခံအများစုမှာအစားအသောက်များ ရှာပါးနေကြသည်။ သို့ဖြစ်ပါ၍စီမံကိန်း ဝန်ထမ်းများအနဖြင့်အဆိုပါကျေးရွာများသို့သွားရောက်ရန်အခက်အခဲများ ကြုံတွေ့နေရပါသည်။တစ်ချို့ကျေးရွာသို့သွားမည့် လမ်းများတွင် မိုင်းများရှိနေခြင်း၊ စီမံကိန်းဝန်ထမ်းများမှ လုံခြုံရေးတပ်မတော်စစ်ကြောင်း များထံကိုစာရင်းပေးပြီးမှ သွားလာနေကြရပါသည်။

**တနသ်ာရီမြို့နယ်**

KNU မှ ထိန်းချုပ်ထားသောကျေးရွာများနှင့် ကျေးရွာအုပ်စု တစ်စု ရှိနေသော်လည်း လုံခြုံရေးရာ အနေဖြင့် စိုးရိမ်စရာမရှိပါ။ စီမံကိန်းဝန်ထမ်းများသွား ရောက် ရာတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ စိတ်အားထက်သန်စွာ ကူညီပေးသည့် အခက် အခဲ မရှိ ခဲ့ပါ။

**(စ) နည်းပညာပံ့ပိုးမှုအခက်အခဲ စသဖြင့် မိမိတို့ မြို့နယ်တွင် ကြုံတွေ့နေရသော အခက်အခဲများအား ဖော်ပြ ပေးရန်။**

**ကြံခင်းမြို့နယ်**

လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်း လုပ်ငန်းခွဲများ တွက်ချက်စစ်ဆေးမှုကို အချိန်နှင့်တပြေးညီပြီးစီးနိုင်ရန် ခရိုင်အဆင့်/တိုင်းအဆင့်မှ ပံ့ပိုးကူညီပေးရန်

**သာပေါင်းမြို့နယ်**

တိုင်းဒေသကြီး စီမံကိန်းဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါသဖြင့် ထူးထူးခြားခြား အခက်အခဲမရှိပါ။

**ငပုတောမြို့နယ်**

စီမံကိန်းစက်ဝန်းရှိအဆင့်များ အချိန်မီပြီးစီးနိုင်ရန် အားထုတ်နေရသဖြင့် ကွင်းဆင်းဝန်ထမ်းများ အတွက်လိုအပ်သော စွမ်းဆောင်ရည်မြှင့် သင်တန်းများ ပိုမိုပို့ချပေးရန် အချိန်ရရှိမှုအားနည်းခြင်းများရှိပါသည်။

**ကျောက်ကြီးမြို့နယ်**

စီမံကိန်းဆောင်ရွက်နေသော ကျေးရွာအုပ်စု၊ကျေးရွာများတွင် အဓိကလိုအပ်ချက်များ ဖြစ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာအုပ်စုချင်းဆက်လမ်းများ နှင့် ရွာတွင်းလမ်းများတွင် မြေသားတင်းဂဝံလမ်းများသာလိုအပ်သောကြောင့် လမ်းကြိတ်စက်များ လုံလောက်မှုမရှိသည့် အတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိပါသည်။

**မတူပီမြို့နယ်**

ကျေးရွာများမှရွေးချယ်တင်ပြလာသည့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အသေးစား ရေအားလျှပ်စစ် လုပ်ငန်းခွဲများအတွက် တွက်ချက်ရာတွင် ကျွမ်းကျင်မှု အခက်အခဲ ကြုံတွေ့ ရပါသည်။

**တွန်းဇံမြို့နယ်**

TF များ ကျောင်းပြီးစ အတွေ့အကြုံနည်းပါးသေးသဖြင့် နည်းပညာထောက်ပံ့မှု သင်တန်း များလိုအပ်ပါသည်။ ဥပမာ (Autocad Training)

**ဒီးမော့ဆိုမြို့နယ်**

Design & Estimate တွက်ချက်ချိန်တွင် Township DRD Engineerမှ အနီးကပ် ကြီးကြပ်ရန် လိုပါသဖြင့် ဇန်နဝါရီလမှ ဧပြီလအထိ(၄)လအတွင်း CDD Projectတွင် အချိန်ပြည့်ပံ့ပိုးပေးနိုင်လျှင်ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါသည်။ State Infra Assiatantများအနေဖြင့် SPsများအချိန်မှီစတင်နိုင်ရေးအတွက် TFs များ အား နည်းပညာအကူအညီများပံ့ပိုးပေးရန် ပိုမိုလိုအပ်လျှက်ရှိပါသည်။

**ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့မြို့နယ်**

ဒုတိယနှစ်စီမံကိန်းစက်ဝန်းအတွင်း ပထမနှစ်စက်ဝန်းစီမံကိန်းလုပ်ငန်းခွဲ အကောင်အထည် ဖော်မှုအခြေအနေထက်များစွာတိုးတက်လာပါသည်။ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများရရှိခြင်းကြောင့် လည်းဖြစ်ပါသည်။ စီမံကိန်း၏အရည်အသွေး၊ ပြီးစီးမှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှု များအားလုံးကောင်းမွန်သည်ကိုတွေ့ရှိရပါသည်။ နည်းပညာစည်းရုံးရေး မှူးများလည်း အတွေ့အကြုံအပေါ်အခြေခံပြီး တိုးတက်ကောင်းမွန်လာ သည်ကိုတွေ့ရှိရပါသည်။ အချို့ဝန်ထမ်းတွင်သာ လိုအပ်နေသေးသည်ကို တွေ့ရှိရပါသည်။ သို့သော် MIS စက်အတွက်

Township PC Error ရံဖန် ရံခါတက်သည်ကိုတွေ့ရှိရပါသည်။ သို့သော် MIS စက်အတွက် township PC error ရံဖန်ရံခါတက်သည်ကို တွေ့ရှိရပါသည်။

**ကြာအင်းဆိပ်ကြီးမြို့နယ်**

အသစ်ခန့်အပ်သည့် လက်ထောက်နည်းပညာမှူးများမှာ ကျောင်းပြီးစ အတွေ့အကြုံနည်းပါး သေးသဖြင့် နည်းပညာ ထောက်ပံ့မှု သင်တန်းများ လိုအပ်ပါသည်။

**ရမည်းသင်းမြို့နယ်**

မြို့နယ်Infra မှာလူသစ်ဖြစ်နေပြီး TFများနှင့် ချိတ်ဆက်မှု အားနည်းပါသည်။

**ပျော်ဘွယ်မြို့နယ်**

လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ နည်းပညာအတွက် (Estimate Caculation) အခက်အခဲရှိပါသည်။

**ပေါက်မြို့နယ်**

